ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (4-9-2010) (၆၅၁၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော်　　စက်တင်ဘာ　　၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်တွင်းကုန်ကြမ်းများကိုအသုံးပြု အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)ဖွင့် နိုင်ငံ ဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ တစ်နှစ်လျှင် အဆင့်မြင့်ကြွေသီးမျိုးစုံ တန် ၈၀၀ ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော်　　စက်တင်ဘာ　　၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါ စက်ရုံဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်အင်ဂျင်နီယာမှူးများ၊ မကွေးတိုင်းဒေသကြီးရှိ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် Unicom Trade & Travel Co.,Ltd. ဒါရိုက်တာ ဦးယဉ်ထွေးတို့က အဆင့်မြင့်

စက်ခလုတ်နှိပ်ဖွင့်လှစ်

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။

(စက်မှု-၁)

ကြွေသီးစက်ရုံ(ချောက်) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဧည့်သည်များ၊ တာဝန်ရှိသူများနှင့်အတူ မုခ်ဦး ဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အဆင့်မြင့်ကြွေသီးစက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ယနေ့ သတင်းအညွှန်း

နေပြည်တော် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ။

စာမျက်နှာ - ၉

မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးခြင်း သုတေသန စာတမ်းဖတ်ပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ။

စာမျက်နှာ - ၇

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းတောင်ပိုင်းရှိ နှစ်ပေါင်း ၄၀၀ ကျော် ငြိမ်သက်ခဲ့သော ဆီနာဘန်း မီးတောင်ကြီး တတိယအကြိမ် ပေါက်ကွဲ။

စာမျက်နှာ - ၄

၄-၉-၂၀၁၀
(စနေနေ့)

ထုတ်လုပ်မှုနှင့် ဝင်ငွေလျာထားချက်ပြည့်မီ ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးမြှင့်ထုတ်လုပ်

စက်မှုနိုင်ငံအဖြစ်ပြောင်းလဲနိုင်ရန် အခြေခံကောင်းများကို ထူထောင်တည်ဆောက်နေသည်။ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုနယ်မြေများ သာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရန် စက်မှုဇုန်များကို ထူထောင်အားပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ စက်ရုံ၊ အလုပ်ရုံအသစ်များစွာ တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်လျက်ရှိသည်။

နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ရုံများကို စက်မှုနယ်မြေအလိုက် ထူထောင်ထားရှိပြီးဖြစ်ရာ ဘက်စုံသုံးဒီဇယ်အင်ဂျင်များ၊ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများ၊ တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်နေကြပြီ။ တစ်ဖက်မှလည်း သွင်းကုန်အစားထိုး စက်ရုံအများအပြားကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ လူသုံးအိမ်သုံး ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်နိုင်လျက်ရှိသည်။ စက်မှုနယ်မြေများ၊ စက်မှုဇုန်များတွင် ခေတ်မီစက်ပစ္စည်းများ၊ သွင်းကုန်အစားထိုး စက်ရုံများ တည်ဆောက်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ တိုးတက်ရရှိလာသည်။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ လုပ်ကိုင်လာနိုင်ကြပြီ။ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးပြုလျက်ရှိသည်။

ယနေ့ကာလတွင် စက်မှုကဏ္ဍမှ ပို့ကုန်များတိုးမြှင့်ထုတ်လုပ်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားလာရေး ရှေးရှုလျက်ရှိသည်။ စက်ရုံအလုပ်ရုံအလိုက် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးတွင် စက်များကြံ့ခိုင်ရေး၊ ကုန်ကြမ်းပစ္စည်းများ ပြည့်စုံနေစေရေးတို့သည်လည်း မျက်ခြည်မပြတ် ဂရုပြုကြရမည့်အချက်များဖြစ်သည်။

ထို့အပြင် စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး ကောင်းမွန်ရေးကိုလည်း အလေးထားကြရပေမည်။ ဈေးကွက်၌ ပြည်တွင်း၊ ပြည်ပ ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချရာတွင် စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးသည် ပဓာနကျလျက်ရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တိုးတက်တည်ဆောက် လုပ်ကိုင်နေခြင်းသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသည်။ စက်ရုံအလုပ်ရုံတိုင်းက ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေလျာထားချက်များ ပြည့်မီကျော်လွန်စေရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများ အပြည့်အဝထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၆)၊ အမှတ်(၈) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၃

အထပ်မြင့်အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင် ကပ်လျက်အဆောက်အအုံများ အက်ကွဲပျက်စီးမှုများ ရှိနေ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ငွေကျပ် သန်းငါးထောင်ကျော် သုံးစွဲ၊ မော်တော်ယာဉ်ပြပွဲ မန္တလေးတွင် ဦးဆုံးအကြိမ် ကျင်းပမည်၊ အများသုံးတယ်လီဖုန်း စကားပြောခွက်များတွင် ဗက်တီးရီးယားပိုးမွှားများ ပေါက်ပွား၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ အောက်တိုဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည်၊ သိန်း ၆၀၀ ကျော် တန်ဖိုးရှိ သက်တမ်းလွန်ပစ္စည်းမျိုးစုံ မန္တလေးမြို့တွင် မြေမြှုပ်မီးရှို့ဖျက်ဆီး၊ မုန်တိုင်းငယ်များနှင့် မြစ်ရေကြီးမှုများ စက်တင်ဘာတွင် ဖြစ်ပေါ်နိုင်၊ တွံတေး-ဒလ လမ်းပိုင်းအချို့ ပြုပြင်သင့်၊ တားမြစ်ရေသတ္တဝါများ ဈေးအချို့တွင် ရောင်းချနေ၊ ၂၀၁၀ ခုနှစ် မီးလောင်ကျွမ်းမှုနှင့် ဆုံးရှုံးမှုတန်ဖိုး အများဆုံးဖြစ်၊ လိုင်းကားများတွင် ငွေအကြွေပြဿနာများ ရှိနေဆဲ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ ကဏန်းပျော့တင်ပို့၊ ဗိုလ်ချုပ်ဈေး စကြံလမ်း အမိုးနှင့် မျက်နှာကြက်အချို့ ပျက်စီးယိုယွင်းနေ၊ တရုတ်-နိုင်ငံတကာ ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုပွဲသို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်နိုင်၊ ဗီယက်နမ်ကုန်သည်အချို့ မြန်မာ့ကျောက်စိမ်းပန်းပုများဝယ်ယူရန် ကမ်းလှမ်း၊ လူထုစိန်ဝင်း၏ ငါးတုပ်ကွေး မလာသေးတာတော်သေးရဲ့၊ မြန်မာငါးသလောက် တရုတ်(တိုင်ပေ)တွင် မွေးမြူရန် နည်းလမ်းရှာ၊ မောင်သန်းဆွေ(ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရား၊ လူကုန်ကူးမှုထောင်ဒဏ် တစ်သက်အထိ အပြစ်ပေးခံရနိုင်၊ ဟသ်ာတခရိုင်အတွင်း တန် ၂၀ အထက်နှင့် ၁၀ ဘီး၊ ၁၂ ဘီးတပ်ယာဉ်ကြီးများ သွားလာခွင့်ကန့်သတ်၊ ဒေါက်တာအောင်ခင်ဆင့်၏ သွေးတိုးအကြောင်း သိမှတ်စရာများ၊ မောင်သာနိုး၏ သတင်းထဲက ကိုရီးယား၊ မောင်ချစ်စု၏ အီရတ်ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ၊ ရွှေစင်ကိုကို၏ ဩစတြေးလျ ရွေးကောက်ပွဲနှင့် မရေရာသေးတဲ့ ပါလီမန်၊ ထွဋ်ဝင်းထွဋ်၏ မဖြေရှင်းနိုင်သေးတဲ့ အိန္ဒိယ ဆင်းရဲမွဲတေမှုပြဿနာ၊ ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က အီရတ်စစ်ပွဲ ပြီးဆုံးကြောင်းပြောကြား၊ လေးရက်ကြာ တရုတ်ရေတပ် လေ့ကျင့်မှုစတင်၊ လေ့ကျင့်ခန်း အနည်းငယ်မျှ ပြုလုပ်ခြင်းဖြင့် ကင်ဆာရောဂါပျောက်ကင်းနိုင်၊ မနီလာ ဓားစာခံသေဆုံးမှု၊ လူ့အခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်း၊ မြောက်ကိုရီးယားမှ ပြန်လည်လွတ်မြောက်လာသည့် အမေရိကန်နိုင်ငံသား ဌာနေပြန်၊ အီရန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုပြုလျှင် အစ္စရေးနိုင်ငံသာ ပျက်သုဉ်းမည်၊ တိုင်းပြည်ကို နောက်ထပ် ၁၂ နှစ် အုပ်ချုပ်ရန် ဗလာဒီမာပူတင် မျှော်မှန်းထား အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၀ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခမ်းအနားတွင် ယမန်နှစ်ကကဲ့သို့ပင် ရိက္ခာထုတ်လုပ်မှုထူးချွန်ဆုများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့်များ၏ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်(Theme)မှာ"United against Hunger"ဖြစ်သည်။ ယင်းဆောင်ပုဒ်ကို မြန်မာပြန်ဆိုထားသည့် ဆောင်ပုဒ်အား ပြိုင်ပွဲခေါင်းစဉ်အဖြစ်အသုံးပြု၍ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဝင်မည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အင်္ဂလိပ်ဘာသာဆောင်ပုဒ်ကို အသုံးပြု၍ အချက်အလက်များ ကြိုတင်စုဆောင်းထားနိုင်ပြီး မြန်မာဘာသာ ပြန်ဆိုထားသည့် ဆောင်ပုဒ်အတည်ပြုချက်ရရှိပါက အချိန်မီ ထပ်မံကြေညာမည်ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း ၊ အလယ်တန်းနှင့် မူလတန်း အဆင့် သုံးဆင့်စလုံး၌ ပထမ၊ဒုတိယ၊ တတိယ တစ်ဆုစီဖြင့် ဆုပေါင်း ကိုးဆု၊ စာစီစာကုံး အထူးဆုအနေဖြင့် အထက်တန်း သုံးဆု၊ အလယ်တန်း လေးဆု၊ မူလတန်း သုံးဆုဖြင့် အထူးဆု ၁၀ ဆု စုစုပေါင်း ၁၉ ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲတွင် အဆင့် သုံးဆင့်စလုံး၌ အထက်တန်းအဆင့် ပထမဆု တစ်ဆု၊ အလယ်တန်းအဆင့် ပထမဆု တစ်ဆု၊ မူလတန်းအဆင့် ပထမဆု တစ်ဆုဖြင့် ဆုပေါင်း သုံးဆု၊ အထူးဆုအနေဖြင့် အထက်တန်း သုံးဆု၊ အလယ်တန်း လေးဆု၊ မူလတန်း သုံးဆုဖြင့် ၁၀ ဆု စုစုပေါင်း ၁၃ ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများအတွက် သက်ဆိုင်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီများက အသေးစိတ်စည်းကမ်းချက်များ ချမှတ်ပေးထားမည်ဖြစ်ပြီး ပိုစတာပြိုင်ပွဲအတွက် (၁၅ × ၂၀) လက်မအရွယ် နှစ်သက်ရာ စက္ကူ၊ နှစ်သက်ရာဆေး၊ နှစ်သက်ရာနည်းစနစ်ဖြင့် ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (နှစ်ရှည်ပင်လုပ်ငန်း)ဖုန်း-၆၆၇၃၇၅ ၊ ၆၆၇၄၃၆ နှင့် ၆၆၇၂၄၁၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၅၄၁၂၈၃၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ဖုန်း-၃၈၅၂၅၉ တို့တွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝေါမြို့နယ်၌ စာပေညီလာခံ အတွေ့အကြုံရှင်း

ဝေါ စက်တင်ဘာ ၃

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဩဂုတ် ၃၁ ရက်က ဝေါမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၌ ကျင်းပရာ မြို့နယ်စာနယ်ဇင်းဥက္ကဋ္ဌ ပဥ္စမအကြိမ် စာပေညီလာခံ ကိုယ်စားလှယ် ဦးဝင်းမောင် (ဝေါဝင်းမောင်)က စာပေညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြောင်း သိရှိရသည်။ (မြို့နယ်စာနယ်ဇင်း)

ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၃

ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာသင်တန်းကို ဩဂုတ် ၂၉ ရက်တွင် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပရာ ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်ညိုက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဆက်စပ်ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပို့ချပြီး မဲရုံသရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။ အခမ်းအနားသို့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၁၀၄ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ်ကော်မရှင်)

ဥပဒေသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

မဏ္ဍိုင်ဥပဒေအကယ်ဒမီမှ တရားရုံးများတွင် လက်တွေ့အမှုလိုက်ခြင်းနှင့် ဥပဒေပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီမှ ၅ နာရီထိ City Star Hotel အမှတ် (၁၆၉/၁၇၁) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပြင်ဆင်ချက်

စက်တင်ဘာ ၃ ရက်ထုတ် သတင်းစာ-စာမျက်နှာ (၁၀) ကော်လံ(၄)၌ ဖော်ပြပါရှိသည့် Ocean Gate သင်တန်းကျောင်း ရန်ကုန်မြို့၏ တယ်လီဖုန်းနံပါတ်ကို ၃၈၀၁၃၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

ဆုချီးမြှင့်

ကမာရွတ်မြို့နယ် အထက (၄) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်ထက်အောင်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံး ဆုချီးမြှင့်စဉ်။ (ပညာရေး)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးကိုကိုမောင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်နှင့် NGO အဖွဲ့များမှ ပုသိမ်ညွှန့် (စံပြ)ရပ်ကွက် မြို့ပတ်လမ်းရှိ အိမ်များ၌ ခြင်ထောင်ဆေးရည်စိမ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၈ ရက်က ဆောင်ရွက်စဉ်။ (ကြေးမုံ)

☆ ရှေ့ဖုံးမှ

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရိက ကုန်ထုတ်လုပ်မှု၊ စက်များကြံ့ခိုင်မှု၊ ကုန်ကြမ်းရရှိမှုနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်းများတွင် လိုအပ်လျက်ရှိသော အဆင့်မြင့်ကြွေသီးများ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက အရည်အသွေး စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရန် မှာကြားကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဝန်ကြီးများသည် ပြည်ပကုမ္ပဏီများမှ နိုင်ငံခြားသားပညာရှင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်မြို့၏ အနောက်တောင်ဘက် လေးမိုင်ခန့် အကွာတွင်တည်ရှိပြီး အဆင့်မြင့် ကြွေသီးများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေရမှု လျှော့နည်းပြီး နိုင်ငံခြားငွေ ချွေတာသက်သာစေရန်၊ ပြည်တွင်းထွက် သယံဇာတကုန်ကြမ်းများကို အကျိုးရှိစွာအသုံးပြု၍ ထုတ်လုပ်သွားရန်၊ အဆင့်မြင့် ကြွေသီးထုတ်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ နည်းပညာရရှိပြီး ကျွမ်းကျင်ပညာရှင်များပြားလာစေရန်၊ နိုင်ငံဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းများအတွက် တစ်နှစ်လျှင် အဆင့်မြင့်ကြွေသီးမျိုးစုံ စုစုပေါင်းတန် ၈၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ IEC 383/BS-137 (International Electro-technical Commission) စံချိန်စံညွှန်းဖြင့် မဟာဓာတ်အားလိုင်းများ၌ အသုံးပြုတပ်ဆင်သော အဆင့်မြင့်ကြွေသီး 500KV၊ 230KV၊ 132KV၊ 66KV၊ 33KV နှင့် 11KV (disc type) (post type) (pin type) ဗို့အားခံ ကြွေသီးများကို ထုတ်လုပ် ဖြန့်ဖြူးသွားနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ အဆင့်မြင့် ကြွေသီးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရိနှင့် Unicom Trade & Travel Co.,Ltd. ဒါရိုက်တာ ဦးယဉ်ထွေးတို့ အဆင့်မြင့် ကြွေသီးစက်ရုံ(ချောက်) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(စက်မှု-၁)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး သဲကုန်းနှင့် ရွှေတောင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သဲကုန်းမြို့နယ် အင်းမတိုက်နယ်ဆေးရုံ၌ လူနာဆောင်များ၊ သားဖွားခန်း၊ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာများ မှာကြားပြီး ကျေးလက်နေ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ရွှေတောင်မြို့နယ် ကျီးသဲ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေတောင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမတွင် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ လူအများစုဖြစ်သည့် ကျေးရွာလူထုနှင့် မိခင်နှင့်ကလေး ကျန်းမာရေးကို အလေးထား ဆောင်ရွက်ရန်၊ မိခင်များ အာဟာရပြည့်ဝစေရန် သံဓာတ်၊ ဖောလစ်အက်စစ်၊ ဗိုက်တာမင်-ဘီ-၁နှင့် အိုင်အိုဒင်းဆားများကို စားသုံးရန်၊ အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရန်၊ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရေးနှင့် လက်ဆေးသည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ရန်၊ မိခင်တိုင်း ရာနှုန်းပြည့် ကျန်းမာရေး ဝန်ထမ်းများနှင့် ပြသရန်၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်ပြီး ဆေးရုံ၏ ခွဲစိတ်ခန်း၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ သွားကျန်းမာရေးဌာနနှင့် ဆေးသိုလှောင်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ပြည်သူ့ဆေးရုံ၌ တိုက်နယ် ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (ကျန်းမာရေး)

ဟားခါးမြို့နယ်၌ မဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၃

ချင်းပြည်နယ် ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ ဟားခါးမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း(၄/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ် ဥပဒေအရာရှိ ဦးခွာထီးယို၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းခင်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရာလ်ခမ်းနှင့် ဟားခါးမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘွေဟူးတို့က အမှာစကားပြောကြားကြသည်။

သရုပ်ပြလေ့ကျင့်

ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးငွန်ဇဝုန်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဒေးဗစ်ရွှေတို့က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေး ပို့ချကြပြီး မဲရုံတည်ဆောက်ပုံနှင့် မဲပေးနည်းစနစ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ပြသကြသည်။

သင်တန်းသို့ ဟားခါးမြို့ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၃၀ တို့မှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၄၀ တို့ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

PANASONIC ELECTRONIC လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀တွင် ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၃

PANASONIC ELECTRONIC သည် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသော လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲ ၂၀၁၀ (People' s Utility & Electronics Exhibition-2010) ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည်။

Panasonic Electronic သည် Panasonic အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများ အားလုံးကို တစ်နေရာတည်း အစုံအလင် ခင်းကျင်းပြသထားပြီး လာရောက်ကြည့်ရှုသူများ စိတ်ကြိုက်လေ့လာဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း၊ အထူးသဖြင့် တစ်လက်မထုသာရှိသော ကမ္ဘာ့အပါးလွှာဆုံး Plasma TV နှင့် အရွယ်အစားမျိုးစုံ Plasma TV များ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ၊ ဒစ်ဂျစ်တယ်ကင်မရာမျိုးစုံ၊ လေအေးပေးစက်မျိုးစုံ၊ ကက်ဆက်နှင့် စပီကာများအပြင် အိမ်သုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ Microwave မီးဖို၊ ရေပူ/ရေအေး ရေချိုးစက်၊ ဖုန်စုပ်စက်၊ ထမင်းပေါင်းအိုး၊ သစ်သီးဖျော်စက်၊ သစ်သီးအရည်ညှစ်စက်၊ အသားကြိတ်စက်၊ လျှပ်စစ်ရေနွေးအိုးနှင့် လျှပ်စစ်မီးပူများအပြင် Panasonic အမှတ်တံဆိပ် Electronics ပစ္စည်းဝယ်ယူသူတိုင်းကို အမှတ်တရ အထူးလက်ဆောင်ပစ္စည်းများ၊ ငွေသားဆုကံစမ်းမဲများပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ပစ္စည်းများဖြစ်သည့် အနှိပ်ခုံ၊ ပေါင်ချိန်စက်၊ သွေးပေါင်ချိန်စက်၊ ဆံပင်ခြောက်စက်၊ ဖြောင့်စက်၊ ကောက်စက်၊ မျက်နှာပေါင်းတင်စက်တို့ကိုလည်း မိတ်ဆက်ခင်းကျင်းပြသရောင်းချနေကြောင်း၊ Panasonic ထုတ်ကုန်ပစ္စည်းများကို တိုက်ရိုက်ခင်းကျင်းရောင်းချသည်ဖြစ်ရာ ပစ္စည်းနှင့် လက်ခအခမဲ့ (၁)နှစ် အာမခံပေးထားကြောင်း၊ Panasonic Electronic ပစ္စည်းများကို ပြပွဲကာလနောက်ဆုံးရက် စက်တင်ဘာ ၆ ရက်အထိ အပြင် Panasonic အရောင်းဆိုင်များတွင် လေ့လာကြည့်ရှု ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖွင့်လှစ်ပြသသည့် လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀ Panasonic အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများ ပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

လေယာဉ်တင်သင်္ဘောများ နှစ်ဖက်မျှဝေ သုံးစွဲမည့်သတင်း ဗြိတိန်နှင့် ပြင်သစ် ပယ်ချ

ပါရီ စက်တင်ဘာ ၃

ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့သည် စစ်ဘက်ဆိုင်ရာ လေယာဉ် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကုန်ကျစရိတ်မျှဝေ ထည့်ဝင်ရန် ဆွေးနွေးလျက်ရှိကြောင်း စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။ သို့ရာတွင် နှစ်နိုင်ငံ ရေတပ် လေယာဉ် တင် သင်္ဘောအုပ်စုများ ပူးပေါင်းရန် ကြံစည်နေသည်ဟူသော သတင်းများကိုမူ ငြင်းပယ်ခဲ့ကြောင်း သိရသည်။

လေယာဉ်တင် သင်္ဘောတစ်စင်းကို နှစ်နိုင်ငံ မျှဝေသုံးစွဲ မည်ဟူသောသတင်းမှာ လက်တွေ့မကျကြောင်း ဗြိတိန်ကာကွယ် ရေးဝန်ကြီး လီယမ်ဖော့စ်က ပြင်သစ် ကာကွယ်ရေးဝန်ကြီးနှင့် ဆွေးနွေးအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

ယခုရက်သတ္တပတ် အစောပိုင်းတွင် ဗြိတိန် ဘုရင့်ရေတပ် နှင့် ပြင်သစ်ရေတပ်တို့သည် အတိတ်က ပြိုင်ဆိုင်မှုများကို မေ့ပစ်၍ ၎င်းတို့အသီးသီး ပိုင်ဆိုင်ထားသော အကောင်းဆုံး စစ်ရေယာဉ်များအား မျှဝေသုံးစွဲမည်ဟူသော သတင်းများကို ဗြိတိန် စာနယ်ဇင်းများတွင် ဖော်ပြခဲ့သည်။

သို့ရာတွင် ဗြိတိန်နှင့် ပြင်သစ်ကာကွယ်ရေး ဝန်ကြီးများက အဆိုပါသတင်းများကို ငြင်းဆန်ခဲ့ပြီး ၎င်းတို့နှစ်နိုင်ငံလုံး၏ စစ်စရိတ်သည် ကန့်သတ်ခံထားရခြင်းကြောင့် စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ကုန်ကျစရိတ် မျှဝေထည့်ဝင်ရန် နည်းလမ်းရှာနေခြင်းသာဖြစ်ကြောင်း ဝန်ခံပြောကြားသည်။

အင်တာနက်။

ပါကစ္စတန်တွင်ဖြစ်ပွားသော အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၅၄ ဦးသေဆုံး

ကွတ်တား စက်တင်ဘာ ၃

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွတ်တားမြို့၌ ပါလက်စတိုင်းဒေသသားများနှင့် သွေးစည်းရန် ကြွေးကြော်လှည့်လည် နေသော ရှီးယိုက်အုပ်စုတစ်စုကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲသမားက စက်တင်ဘာ ၃ ရက်တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၅၄ ဦးသေဆုံး၍ ၁၆၀ ခန့် ဒဏ်ရာရရှိခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ကွတ်တားမြို့တွင် စက်တင်ဘာ ၃ရက်က ဖြစ်ပွားသော အသေခံဗုံးခွဲတိုက်ခိုက်မှုမြင်ကွင်း။

အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အသက်ရှင် ကျန်ရစ်သူ ရှီးယိုက်လူငယ်များသည် ထိန်းမနိုင်သိမ်းမ နိုင်ဖြစ်၍ သေနတ်များကို ပစ်ဖောက်ခဲ့ကြရာ ရဲတပ်ဖွဲ့က အခြေအနေ အရပ်ရပ်ကို ဝင်ထိန်းခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် ရှီးယိုက်လူနည်းစု ဝင်များ ယခုရက်သတ္တပတ်အတွင်းပစ်မှတ်ထားတိုက်ခိုက်ခဲ့သော ဒုတိယမြောက်တိုက်ခိုက်မှုဖြစ်သည်။ စက်တင်ဘာ ၁ ရက်နေ့ ကလည်း ပန်ဂျပ်ပြည်နယ်လာဟိုးမြို့၌ ရှီးယိုက်များကို ပစ်မှတ် ထား လုပ်ဆောင်ခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၃၁ ဦးသေဆုံး၍ ၂၈၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များက အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ်အလားအလာများနှင့် ပတ် သက်၍ သတင်းများရရှိခဲ့ပြီးနောက် ကွတ်တားမြို့တွင် ပွဲလမ်း သဘင်ကျင်းပလိုပါက လုံခြုံမှုရှိသော နေရာများတွင်သာ ကျင်းပ ရန် ပွဲစီစဉ်သူများကို သတိပေးထားပြီးဖြစ်ကြောင်း ဘလူချီ စတန်ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနှင့် ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လုပ်ရန်သဘောတူ

အစ္စရေး ဝန်ကြီးချုပ် (ဝဲ) နှင့် ပါလက်စတိုင်း သမ္မတတို့ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် နှုတ်ဆက်နေစဉ်။
(ဓာတ်ပုံ-ဆင်ဟွာ)

ဝါရှင်တန် စက်တင်ဘာ ၃။ အမေရိကန်နိုင်ငံ၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်များသည် ဝါရှင်တန်မြို့တွင် စက်တင်ဘာ ၂ ရက်က တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကြာ ပဋိပက္ခကို တစ်နှစ်အတွင်း အဆုံးသတ်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် သဘောတူညီခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရှေ့ဦး ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးသံတမန် ဂျော့ဂျ်မစ်ချဲလ်က ဆိုသည်။

ဆွေးနွေးပွဲတွင် အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်း ဆောင်များသည် နှစ်နိုင်ငံယှဉ်တွဲရပ်တည်နိုင်မည့် အဖြေ ကိုသာ လိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ပြည်တွင်း နိုင်ငံရေးအရ စိန်ခေါ်မှုများက အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်စလုံးအတွက် အဆုံး သတ်အဖြေကို ရရှိနိုင်ရေးတွင် အဟန့်အတားများသဖွယ် ဖြစ်နေကြောင်း ပြောကြားသည်။

အစ္စရေး၏ လုံခြုံရေးအရ လိုအပ်ချက်များကို ပါလက်စတိုင်းတို့က အသိအမှတ်ပြုသော်လည်း ဂါဇာ ဒေသ ပိတ်ဆို့မှုနှင့်အနောက်ဘက်ကမ်းအခြေစိုက် အိမ်ရာ စီမံကိန်းများကို ရပ်ဆိုင်းပေးရန် ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်စ်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို တောင်းဆိုခဲ့သည်။

ဂါဇာဒေသကို ထိန်းချုပ်ထားသော ဟားမားစ် အုပ်စုက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆန့်ကျင်နေပြီး အစ္စရေးနိုင်ငံကို ဆက်လက် တိုက်ခိုက်သွားမည်ဟု ဆို သည်။ အလားတူ အနောက်ဘက်ကမ်းဒေသရှိ အစ္စရေး အခြေစိုက်နေထိုင်သူများကလည်း အိမ်ရာတည်ဆောက် မှုများကို ဆက်လက်လုပ်ဆောင်ရန် စိုင်းပြင်းနေကြောင်း သတင်းတွင်ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဟစ်ဇ်ဘိုလာ လက်နက်တိုက်ဟု ယူဆရသော အဆောက်အအုံ ပေါက်ကွဲမီးလောင်မှုဖြစ်ပွား

ဘေရွတ် စက်တင်ဘာ ၃

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာ စစ်သွေးကြွ အုပ်စု၏ လက်နက်များ သိုလှောင်ထားသည့်နေရာဟု ယူဆ ရသော အဆောက်အအုံတစ်ခု၌ စက်တင်ဘာ ၃ ရက်က ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း လက်ဘနွန် လုံခြုံရေးတာဝန်ရှိ သူများက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သေဆုံး ဒဏ်ရာရသူ ရှိ၊ မရှိကို သတင်းမရသေးပေ။ လက်ဘနွန် ကယ်ဆယ်ရေး ဝန်ထမ်းများက ယင်းပေါက်ကွဲမီးလောင်မှု ဖြစ်ပွားရာ နေရာသို့ သွားရောက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံသည် သုံးထပ် အဆောက်အအုံတစ်ခုဖြစ်ပြီး ဟစ်ဇ်ဘိုလာများ စိုးမိုးရာ ရှီဟာ ဘီးယားကျေးရွာတွင် တည်ရှိသည်။

သို့ရာတွင် ယင်းဒေသရှိဟစ်ဇ်ဘိုလာများလျှို့ဝှက်သိုလှောင် ထားသည့် နေရာများဟု ယူဆရသော အဆောက်အအုံများမှ အကြောင်းရှာမရသော ပေါက်ကွဲမှုများ ပြီးခဲ့သည့်နှစ်အတွင်းက မကြာခဏ ဖြစ်ပွားခဲ့သည်။ ***အေပီ။***

တာဂျစ်ရဲဌာန အသေခံကားဗုံးခွဲတိုက်ခိုက်ခံရ

ဒူရှန်ဘီ စက်တင်ဘာ ၃

တာဂျီကစ္စတန်နိုင်ငံ မြောက်ပိုင်း ကူးဂျန့်မြို့ရှိ ရဲတပ်ဖွဲ့အဆောက်အအုံ တစ်ခုကို စက်တင်ဘာ ၃ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဖောက်ခွဲရေးပစ္စည်းများ အပြည့် တင်ဆောင်ထားသော ကားတစ်စီး သည် ကူးဂျန့်မြို့ရှိ အုပ်စုဖွဲ့ကျူးလွန် သော ရာဇဝတ်မှုများ တားဆီးရေး ရဲတပ်ဖွဲ့ရုံးကို တိုက်ခိုက်ခဲ့ခြင်းဖြစ် ကြောင်း တာဂျီကစ္စတန်လက်ထောက် ပြည်ထဲရေးဝန်ကြီးက ပြောကြား သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် မည်သည့် အဖွဲ့တွင်တာဝန်ရှိကြောင်း မသိရသေး ပေ။ သို့ရာတွင် ဒေသန္တရ သတင်း မီဒီယာများ၏ ဖော်ပြချက်အရ အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော ဥဇဘက်ကစ္စတန် စစ်သွေးကြွအုပ်စု တစ်စုက လုပ်ဆောင်ခဲ့ဖွယ်ရှိကြောင်း သိရသည်။ *အေပီ။*

ဆီနာဘန်းမီးတောင် တတိယအကြိမ်ပေါက်ကွဲ

တာနာကာရို စက်တင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းတောင်ပိုင်းရှိ နှစ်ပေါင်း ၄၀၀ ကျော် ငြိမ်သက်နေခဲ့သော ဆီနာဘန်းမီးတောင်ကြီးသည် စက်တင်ဘာ ၃ ရက်က တတိယအကြိမ် ပေါက်ကွဲခဲ့ရာ မီးတောင်ပြာပူများကို လေထုထဲသို့ သုံးကီလိုမီတာအမြင့်အထိ မှုတ်ထုတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆီနာဘန်းမီးတောင် စက်တင်ဘာ ၃ရက် တတိယအကြိမ် ပေါက်ကွဲမှု မြင်ကွင်းကို တွေ့ရစဉ်။

မီးတောင်ပေါက်ကွဲမှုကြောင့် ထိတ်လန့်နေသော ဒေသခံ များသည် ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်အဖြစ် ဘေးလွတ်ရာသို့ ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မြေပြင်တုန်လှုပ်

မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော မြေပြင်တုန် လှုပ်မှုကိုငါးမိုင်အကွာမှပင် တွေ့ထိခံစားနိုင်ကြောင်း သတင်းများ တွင် ဖော်ပြသည်။ မီးတောင်အနီးရှိ ကျေးရွာများမှ စိုက်ခင်းများ၊ လူနေအိမ်များပေါ်၌ မီးတောင်ပြာများ ဖုံးအုပ်နေပြီး လေထု သည်လည်း မီးတောင်မှထွက်ပေါ်လာသော ဆာလ်ဖာ ဓာတ် ငွေ့နံ့များဖြင့် မွန်ထူနေကြောင်း သတင်းတွင်ဖော်ပြသည်။

သိပ်သည်းသော မီးခိုးလုံးများကြောင့် ရှေ့မီတာအနည်း ငယ်မျှသာ မြင်နိုင်စွမ်းရှိခဲ့ပြီး ပြည်တွင်းလေကြောင်း ပျံသန်းမှု အချို့ကို ရပ်သိမ်းခဲ့ရကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်များက ဆီနာဘန်းမီးတောင် ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အေပီ။***

အာတိတ်အနောက်မြောက်ရေလမ်းကြောင်း လောင်စာဆီတင်သင်္ဘော သောင်တင်

တိုရွန်တို စက်တင်ဘာ ၃

ဒီဇယ်ဆီ ဂါလန်ပေါင်း ၂ ဒသမ ၄သန်း တင်ဆောင် လာသော လောင်စာဆီတင် သင်္ဘောတစ်စင်းသည် စင်တင်ဘာ ၁ ရက်က ကနေဒါနိုင်ငံမြောက်ပိုင်း အာတိတ် ရေပြင်တွင် သောင်တင်ခဲ့ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံအတွင်းရှိ ဝေးလံခေါင်သီသော ဒေသ များသို့ ပေးပို့မည့် လောင်စာဆီများကို တင်ဆောင်ထား သော အဆိုပါသင်္ဘောသည် နာမည်ကျော် အနောက် မြောက်ရေလမ်းကြောင်းပေါ်ရှိ သောင်ခုံတစ်ခုနှင့် ငြိကာ သောင်တင်နေခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ သင်္ဘောမှ လောင်စာဆီများ သည် အာတိတ်ရေပြင်အတွင်းသို့ ယိုဖိတ်ခြင်း မရှိသေး ကြောင်း ကနေဒါအာဏာပိုင်များက ပြောကြားသည်။ ယင်းသင်္ဘောကို ပိုင်ဆိုင်သော ကုမ္ပဏီသည် သင်္ဘော သောင်တင်မှုမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းလျက် ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

ဆိုမာလီတွင် အာဖရိကသမဂ္ဂတပ်ဖွဲ့၏ စစ်စခန်းများ တိုးချဲ့တည်ဆောက်

နိုင်ရိုဘီ စက်တင်ဘာ ၃

အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များသည် ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ စစ်အခြေစိုက် စခန်းကိုးခုကို တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း အာဖရိကသမဂ္ဂ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ယင်းကဲ့သို့ မိုဂါဒစ်ရှူးမြို့တွင် စစ်အခြေစိုက်စခန်းများတိုးချဲ့တည်ဆောက်နိုင်ခဲ့မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သော စစ်သွေးကြွများ၏ ရန်ကိုကာကွယ်နှိမ်နင်းရာတွင် အာဖရိကသမဂ္ဂတပ်ဖွဲ့များအနေဖြင့် ဆိုမာလီအစိုးရတပ်ဖွဲ့များကို ပိုမိုပါဝင်ကူညီနိုင်မည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် သွေးထွက်သံယိုပဋိပက္ခများ ရက်ပေါင်းများစွာဖြစ်ပွားပြီးနောက် အာဖရိကသမဂ္ဂ၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ မိုဂါဒစ်ရှူးမြို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် စစ်သွေးကြွသောင်းကျန်းသူများကို ထိုးစစ်တစ်ရပ်ဆင်နွှဲမည့် ဆိုမာလီအစိုးရ၏ စီမံချက်ပျက်ပြယ်ခဲ့ပြီးနောက် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များသည် မိုဂါဒစ်ရှူးမြို့၌ စစ်အခြေစိုက်စခန်းများ တည်ဆောက်မှုကို ပိုမိုတိုးချဲ့လာခဲ့ခြင်းဖြစ်သည်။

စစ်အခြေစိုက်စခန်းသစ်ကိုးခုကို အာဖရိကသမဂ္ဂက လွန်ခဲ့သည့်ငါးလခန့်က တည်ဆောက်ခဲ့ပြီး ယင်းစစ်စခန်းများသည် ဆိုမာလီအစိုးရအဆောက်အအုံများနှင့် လေဆိပ်အကြား ဆက်စပ်ပေးထားသော လမ်းကြောင်း၏ လုံခြုံရေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။ **အေပီ။**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အတွင်းမှ လက်နက်ကိုင်ဆောင်ထားသည့် ရှီးယိုက်ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

လက်ဘနွန်အစိုးရ၏ လက်နက်ကိုင်ဆောင်ခွင့် ကန့်သတ်ရေးအစီအစဉ် ဟစ်ဇ်ဘိုလာလက်မခံ

ဘေရွတ် စက်တင်ဘာ ၃

ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုသည် ၎င်းတို့ထံမှ လက်နက်များကို ဖြုတ်သိမ်းမည့် မည်သည့် ကြိုးပမ်းမှုကိုမဆို လက်ခံမည်မဟုတ်ဟု သတိပေးစကားပြောကြားပြီး လက်ဘနွန်အစိုးရ၏ ဘေရွတ်မြို့အတွင်း လက်နက်ကိုင်ဆောင်ခွင့်မရှိရေး အဆိုပြုချက်ကို ဆန့်ကျင်ခဲ့ကြောင်း စက်တင်ဘာ ၂ ရက်သတင်းများတွင် ဖော်ပြသည်။

ဩဂုတ် ၂၄ ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ရှီးယိုက်ဟစ်ဇ်ဘိုလာများနှင့် ဆွန်နီအုပ်စုများအကြား လမ်းပေါ်တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အနောက်အုပ်စုကျောထောက်နောက်ခံပြု လက်ဘနွန်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ် ဆာအက်ဟာရီရီက ဘေရွတ်မြို့တော်အတွင်း လက်နက်ကိုင်ဆောင်မှုကန့်သတ်ရေး အစီအစဉ်တစ်ရပ်ကို စတင်ခဲ့သည်။

သို့ရာတွင် ဟစ်ဇ်ဘိုလာအုပ်စုက လက်ဘနွန်ဝန်ကြီးချုပ်၏ အစီအစဉ်သည် ၎င်းတို့၏ လက်နက်တိုက်ကို ထိပါးလာနိုင်သည့် အနေအထားဖြစ်ကြောင်း သတိပေးခဲ့သည်။

လက်နက်များ လွတ်လွတ်လပ်လပ်ကိုင်ဆောင်ခွင့်ရနေခြင်းသည် လက်ဘနွန်၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းချုပ်နိုင်စွမ်းလျော့ပါးစေကြောင်း ဘယ်လ်ဂျီယံအခြေစိုက်သုခမိန်အဖွဲ့တစ်ဖွဲ့မှ လေ့လာသူတစ်ဦးက သုံးသပ် ပြောကြားသည်။ ***အေပီ။***

မက္ကဆီကို တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဂိုဏ်းသားများအကြား တိုက်ပွဲဖြစ်

စီယူဒက် မိုင်ယာ စက်တင်ဘာ ၃

အမေရိကန်နိုင်ငံနှင့် မက္ကဆီကို နိုင်ငံနယ်စပ် တာမာလီပတ်ပြည်နယ်တွင် မက္ကဆီကို တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဂိုဏ်းဝင်များဟု ယူဆရသူ သေနတ်သမားများအကြား စက်တင်ဘာ ၂ ရက်က တိုက်ပွဲဖြစ်ပွားရာ အနည်းဆုံး မူးယစ်မှောင်ခိုဂိုဏ်းဝင်ဟု ယူဆရသူ ၂၅ ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ထောက်လှမ်းတွေ့ရှိ

မက္ကဆီကို စစ်ဘက်လေယာဉ်တစ်စင်းက အဆိုပါပြည်နယ်ရှိ စီယူဒက်မီယာမြို့ပေါ်မှ ဖြတ်ပျံစဉ် အဆောက်အအုံတစ်ခု၏ ရှေ့ဘက်တွင် လက်နက်ကိုင်သေနတ်သမားများစွာကို ထောက်လှမ်းတွေ့ရှိပြီးနောက် မက္ကဆီကို တပ်ဖွဲ့ဝင်များက ယင်းလက်နက်ကိုင်များကို စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကို ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကယ်တင်နိုင်ခဲ့

မက္ကဆီကိုတပ်ဖွဲ့များ၏ စီးနင်း တိုက်ခိုက်မှုအတွင်း ပြန်ပေးဆွဲခံထားရသူများဟု ယူဆရသူ သုံးဦးကိုလည်း သေနတ်သမားများလက်မှ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်အတွင်း ရိုင်ဖယ် ၂၅ လက်၊ လက်ပစ်ဗုံးလေးလုံး၊ ခဲယမ်းမီးကျောက် ၄၂၀၀ခန့်နှင့်မော်တော်ယာဉ် ၂၃ စီးတို့ကို မက္ကဆီကို တပ်ဖွဲ့များက သိမ်းဆည်းနိုင်ခဲ့သည်။ ***အေပီ။***

ကားလမ်းဖြတ်ကူးရေးပညာပေး မော်စကိုရဲတပ်ဖွဲ့ ထူးထူးခြားခြားပြုလုပ်

မော်စကို စက်တင်ဘာ ၃

ရှုပ်ထွေးသောကားလမ်းများကို ဖြတ်ကူးရာတွင် လူကူးမျဉ်းကျားမှ ဖြတ်ကူးခြင်း၏ အရေးပါပုံကို လူအများအား သတိပေးရန် ရုရှားနိုင်ငံ မော်စကိုမြို့တော်ရဲတပ်ဖွဲ့က စက်တင်ဘာ ၃ ရက်တွင် ထူးထူးခြားခြား ပညာပေး ပြသခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆေးရေးခြယ်

မော်စကိုမြို့တော်ရဲတပ်ဖွဲ့သည် ၎င်းတို့၏ ပညာပေးအစီအစဉ်အရ မြင်းများကို မြင်းကျားများအသွင် ဆေးရေးခြယ်ကာ မော်စကိုမြို့တော်၏ ယာဉ်ကြောအရှုပ်အထွေးဆုံးလမ်းများပေါ်တွင် လမ်းဟိုဘက်မှသည် သည်ဘက်သို့ ဖြတ်ကူးပြစေခဲ့သည်။

ထူးခြားသောမြင်ကွင်းကြောင့် မော်တော်ယာဉ်ကို အရှိန်လျှော့မောင်းနှင်၍ ကြည့်မိသူယာဉ်မောင်းများသည် အဆိုပါ မြင်းကျားမှာ မြင်းတစ်ကောင်ကို ဆေးဖြင့်ရေးခြယ်ကာ မြင်းကျားအသွင် ဖန်တီးထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

မြင်းများ၏ကျောပေါ်တွင် "ကလေးငယ်များကျောင်းသို့ သွားနေသည်။ ဂရုစိုက်၍ မောင်းနှင်ကြပါ" ဟူသော သတိပေးစာတန်းကို တင်ဆောင်ထားသည်ကို တွေ့ရှိနိုင်သည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် ယခုနှစ်ပထမခြောက်လအတွင်း ကားလမ်းဖြတ်ကူးသူများ ယာဉ်တိုက်ခံရမှုကြောင့် ၃၇၈ ဦးသေဆုံးခဲ့ပြီး ၆၆၀၀ ဒဏ်ရာရရှိခဲ့ကြောင်း မော်စကိုရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။ မော်စကိုမြို့တစ်မြို့တည်းတွင်ပင် ကလေးနှစ်ဦး အပါအဝင် ၄၃ ဦးသေဆုံးခဲ့ရသည်။ ***အေပီ။***

ယာဉ်အန္တရာယ်ပညာပေး မြင်းကျားတစ်ကောင် လူကူးမျဉ်းကျားမှ ဖြတ်ကူးနေစဉ်။

မသင်္ကာဖွယ်အရာတစ်ခု ထောက်လှမ်းတွေ့ရှိခြင်းကြောင့် မိုင်ယာမီလေဆိပ်မှ ခရီးသည်များကို ရွှေ့ပြောင်းပေးခဲ့ရ

မိုင်ယာမီ စက်တင်ဘာ ၃။ ။ **အမေရိကန်နိုင်ငံ မိုင်ယာမီနိုင်ငံတကာလေဆိပ်တွင် လေဆိပ်လုံခြုံမှု စစ်ဆေးရေး ကိရိယာက ခရီးဆောင်အိတ် တစ်လုံးအတွင်းမှ မသင်္ကာဖွယ်အရာတစ်ခုကို ထောက်လှမ်းတွေ့ရှိခဲ့ရာ လေဆိပ်အာဏာပိုင်များက မိုင်ယာမီလေဆိပ်၏ ခရီးသည်နားနေဆောင် ခြောက်ဆောင်အနက် လေးဆောင်တို့မှ ခရီးသည်များကို စက်တင်ဘာ ၂ ရက်က အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။**

ရဲတပ်ဖွဲ့ ဗုံးရှင်းလင်းရေးအဖွဲ့တစ်ဖွဲ့က လေဆိပ်အတွင်း နာရီပေါင်းများစွာ ရှင်းလင်းရှာဖွေမှုများ ပြုလုပ်ခဲ့ရပြီး လေဆိပ်ဝင်ပေါက်ထွက်ပေါက်လမ်းများကိုလည်း ပိတ်ဆို့ထားခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့်မိုင်ယာမီလေဆိပ် အာဏာပိုင်များက ပြောကြားသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က ခရီးသည်တစ်ဦးကို ဖမ်းဆီးခဲ့ပြီး တရားဥပဒေအရ စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သယ်ယူပို့ဆောင်ရေး လုံခြုံမှု စီမံကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်သည်။ သို့ရာတွင် လေဆိပ်လုံခြုံမှု စစ်ဆေးရေးကိရိယာက ထောက်လှမ်းတွေ့ရှိခဲ့သော မသင်္ကာဖွယ်အရာသည် မည်သည့်အရာ ဖြစ်သည်ကိုမူ ယင်းသတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိပေ။

မိုင်ယာမီလေဆိပ်ကို ရဲတပ်ဖွဲ့က ရှင်းလင်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အေပီ။***

ဘောလ်တစ်ပင်လယ်ရေအောက်မှ ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဘီယာပုလင်းများထပ်မံတွေ့ရှိ

ဟယ်ဆင်ကီး စက်တင်ဘာ ၃

ဘောလ်တစ်ပင်လယ်ရေအောက်၌ ဇူလိုင်လအတွင်း စတင်တွေ့ရှိခဲ့သော သက်တမ်း နှစ် ၂၀၀ ရှိ ရှမ်ပိန်ပုလင်းများကို ရေငုပ်သမားများက ရှာဖွေသိမ်းဆည်းနေကြစဉ် ကမ္ဘာ့သက်တမ်းအရင့်ဆုံးဟု ဆိုနိုင်မည့် ဘီယာပုလင်းများကိုလည်း စက်တင်ဘာ ၂ ရက်က ထပ်မံတွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဘီယာပုလင်းများကို အမျိုးအမည် မဖော်ပြနိုင်သော သင်္ဘောပျက်တစ်စင်းထဲမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး သောက်သုံး၍ ရနိုင်သေးသည့် ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဘီယာပုလင်းများဟု ဆိုနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အပူချိန်အနိမ့်အမြင့်တည်ငြိမ်မှု၊ ရေအောက်ရှိ အလင်းရောင်အနေထားတို့က သင်္ဘောပျက်ထဲရှိ ဘီယာနှင့် ရှမ်ပိန်ပုလင်းများကို မူလအနံ့အရသာမပျက်ထိန်းသိမ်းထားနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းအပြင် ပုလင်းများပေါ် သက်ရောက်သော ရေထုဖိအား အခြေအနေကြောင့်လည်း ယင်းပုလင်းများအတွင်းသို့ ပင်လယ်ရေများ စိမ့်ဝင်နိုင်ခြင်းမရှိဟုဆိုသည်။

ဘီယာနှင့်ရှမ်ပိန်ပုလင်းများ ရှာဖွေတွေ့ရှိခဲ့ရာ သင်္ဘောပျက်သည် ဖင်လန်နိုင်ငံကမ်းရိုးတန်းကမ်းလွန်ရေပြင်တွင် ၁၈၀၀ ခုနှစ် ဝန်းကျင်က နစ်မြုပ်ခဲ့ဖွယ်ရှိသည်။ ယင်းသင်္ဘောမှ ကနဦးတွေ့ရှိခဲ့ရသော ရှမ်ပိန်ပုလင်းများသည် တစ်ပုလင်းလျှင်ဒေါ်လာထောင်ပေါင်းများစွာ တန်ဖိုးရှိကြောင်း ခန့်မှန်းထားသည်။ ***အင်တာနက်။***

ရုရှားတွင် တောမီးလောင်ကျွမ်းမှု တစ်ကျော့ပြန်ဖြစ်ပွား

မော်စကို စက်တင်ဘာ ၃

ရုရှားနိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၂ ရက်က တောမီးလောင်ကျွမ်းမှုများ ထပ်မံဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိကာ လူနေအိမ်ရာပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗော်ဂိုဂရက်နှင့် ဆာရာတော့ဗ် ပြည်နယ်များတွင် လေပြင်းထန်သည်နှင့်အမျှ အရှိန်ပိုကောင်းလာသော တောမီးလောင်ကျွမ်းမှုများကြောင့် လူနေအိမ် ၃၄၂ လုံး အပါအဝင် အဆောက်အအုံ ၅၀၀ ကျော် ဆုံးရှုံးခဲ့ရကြောင်း ရုရှားအရေးပေါ် ဘေးအန္တရာယ်ဆိုင်ရာဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပေါ်ခဲ့သော ပြည်နယ်မှာ ဗော်ဂိုဂရက်ပြည်နယ်ဖြစ်ပြီး လူရှစ်ဦး သေဆုံးခဲ့ကာ ၁၇ ဦးဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များ၏ အဆိုကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။ မြို့နှင့် ကျေးရွာပေါင်း ၁၅ခုတို့မှာ တောမီး၏ ခြိမ်းခြောက်မှုကို ခံနေရပြီး အန္တရာယ်အရှိဆုံး နေရာ ၁၀ခုတွင် နေထိုင်သူများကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းချိန်တွင် နေ့အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ခန့်အထိမြင့်တက်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၆ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မျက်စိမှုန်လာပြီဆိုရင်

ဒေါက်တာကံညွန့်

ကျွန်တော့်ကားက ဒီဇယ်ကားပါ။ ကားက မီးခိုးထွက်နေတော့ တချို့က အင်ဂျင်ချရမယ်။ အင်ဂျင်မချရတောင် အနည်းဆုံး အပေါ်နှင့် အောက်ဖွင့် လုပ်ပြီး ပီစတင်ရိန်းတွေလဲရမယ်။ ၃-၄ရက်တော့ ကား workshop မှာ အပ်ရလိမ့်မယ်လို့ ဘေးလူတွေက ပြောပါတယ်။ ကျွန်တော်လည်း ဟုတ်နိုးနိုး ထင်ခဲ့မိတယ်။

ဒါနဲ့ ပြင်နေကျ workshop သွားပြီး workshop ဆရာကိုပြတော့မှ သူက အောက်ကနေကာ ကျွန်တော့်ကိုစက်နှိုးပြီး လီဗာနင်းခိုင်းတယ်။ ကျွန်တော် နင်းလိုက်တော့ တော်ပြီတော်ပြီဆိုပြီး ရပ်ခိုင်းတယ်။ ဆရာ့ကား ပန့်ကျ နေတယ်။ နော်ဇယ်ပန့်ပြင်ရမယ်တဲ့။ ပီစတင်ရိန်း မလဲရဘူးလားမေးတော့ ပီစတင်ရိန်းကြောင့်မဟုတ်ဘူးတဲ့။ ထွက်တဲ့မီးခိုးတွေက အမည်းရောင်ဒီဇယ် ဖြစ်နေတယ်။ ပီစတင်ကြောင့်ဆိုရင် အဖြူရောင်အင်ဂျင်ဝိုင်မီးခိုးထွက်မယ်တဲ့။ ကျွန်တော်ပြောတာပဲလုပ်လိုက်ပါလို့ ပြောတယ်။ ဒါနဲ့ ဒီဇယ်ပန့်ပြင်တဲ့ဆိုင် သွားပြီးပြင်လိုက်တော့ တစ်မနက်နဲ့ မီးခိုးထွက်တာလည်း ပျောက်သွား တယ်။ ကားလည်း မောင်းလို့ကောင်းသွားတယ်။ ကားမှာလည်း ကားရောဂါကို တတ်ကျွမ်းတဲ့ ကားဆရာနဲ့ပြရတယ်။ အပြင်လူတွေပြောစကားနဲ့ စမ်းတဝါးဝါး လုပ်နေလို့ မရဘူး။ ဘယ်နေရာမှာမဆို နားလည်တတ်ကျွမ်းတဲ့ သူတွေရဲ့ အကြံဉာဏ်အတိုင်း လုပ်သင့်ကြတယ်ဆိုတာ ပြောချင်တာပါ။

တချို့က ရောဂါတစ်ခုခုဖြစ်ရင် ဘေးက ဟိုလူပြော ဒီလူပြော ပြော စကားတွေကို ယုံတတ်ကြတယ်။ တချို့က ဘယ်ဆေးစားလိုက်ပါလား၊ ဘယ်သူ့ တုန်းက ဘယ်လိုပျောက်သွားတယ်ဆိုပြီး ဆေးပါညွှန်းတတ်ကြတယ်။ ဒါနဲ့ပဲ တချို့ ရောဂါရင့်မှ သက်ဆိုင်ရာဆရာဝန်ဆီ ရောက်တတ်ကြတယ်။ မျက်စိ မှုန်နေတယ်၊ ဝိုးတဝါးဖြစ်နေတယ် ဆိုရင်လည်း အတွင်းတိမ်ဆိုပြီး ခွဲရမယ် ထင်နေကြတယ်။ အတွင်းတိမ် ဟုတ်ချင်မှဟုတ်မယ်။ မျက်စိမှုန်တတ်တဲ့ တခြားရောဂါတွေရှိတယ်။ ခွဲစိတ်တာမဟုတ်ဘဲနဲ့ ဆေးနဲ့ပျောက်အောင်ကုရတဲ့ ရောဂါတွေ ရှိတတ်ကြတယ်။

မျက်စိမှုန်တာမှာ နှစ်မျိုးရှိတယ်။ ဖြုန်းစားကြီး မှုန်သွားသလား၊ တဖြည်း ဖြည်းမှုန်သွားလား၊ ကား workshop ဆရာရှင်းပြသလို ရှင်းပြချင်တာ။ ဖြုန်းစားကြီးမှုန်သွားတော့လည်း နှစ်မျိုးရှိပြန်တယ်။ မျက်စိနီကိုက်ပြီး မှုန် သွားတာလား။ နီခြင်း၊ကိုက်ခြင်းမရှိဘဲ မှုန်သွားတာလား ဆိုတာ ရှိပြန်ပါတယ်။ နီကိုက်ပြီး မှုန်သွားရတဲ့ မျက်စိရောဂါတွေကတော့ မျက်ကြည်နာရောဂါ (Corneal Ulear)၊မျက်စိအတွင်းရောင်ရောဂါ (Uveitis)၊ မျက်စိထောင့်ကျဉ်း ရေတိမ်ရောဂါ (Angle Closure Glaucoma)ရောဂါတွေကြောင့်ပဲဖြစ်ပါ တယ်။ အဲဒီမှာတစ်ခါ အသက်အရွယ်က စကားပြောပြန်ပါတယ်။ မျက်ကြည် နာနှင့် မျက်စိအတွင်းရောင်ရောဂါတွေက ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ အသက်အရွယ်မရွေးဖြစ်တတ်ပြီး ထောင့်ကျဉ်းရေတိမ်ရောဂါကတော့ အသက်(၄၀)ကျော်၊ (၅၀)ကျော် အရွယ်လောက်မှဖြစ်တတ်ကာ ယောကျ်ားနှင့် မိန်းမဆိုရင် မိန်းမမှာ ပိုဖြစ်တဲ့ရောဂါဖြစ်ပါတယ်။

ဒီရောဂါသုံးမျိုးစလုံးဟာ စောင့်ဆိုင်းနေလို့မရဘဲ မြန်မြန်ကုလေ အမြင် အာရုံပြန်ကောင်းဖို့ များလေပါပဲ။ ဒါကြောင့် ဘေးလူတွေစကား နားယောင် မနေဘဲ တတ်ကျွမ်းသူနဲ့သာ မြန်မြန်ကုဖို့ လိုပါတယ်။ မျက်ကြည်နာရောဂါနဲ့ မျက်စိအတွင်းရောင်ရောဂါဆိုရင် ဆေးနဲ့ပဲကုရတဲ့ရောဂါတွေပါ။ ဆေးမြီးတို တွေနဲ့ ကုလို့မရပါဘူး။

နီခြင်း၊ကိုက်ခြင်းမရှိဘဲ ဖြုန်းခနဲမှုန်သွားတတ်တဲ့ရောဂါတွေတော့ မျက်စိ ရဲ့ အနောက်ခြမ်းမှာ သွေးထွက်တဲ့ ရောဂါ (Vitreous Haemorrage)၊ မျက်စိအာရုံကြောမကြီး ရောင်ရမ်းတဲ့ရောဂါ (Optic Neuritis)၊ မျက်စိ အာရုံလွှာ သွေးလွှတ်ကြောပိတ်တဲ့ရောဂါ (Central Retinal Artery Occlusion)၊ မျက်စိအာရုံလွှာ သွေးပြန်ကြောပိတ်တဲ့ရောဂါ (Central Retinal Vein Occlusion)နဲ့ မျက်စိအာရုံလွှာကွာကျတဲ့ရောဂါ (Retinal Detachment) ရောဂါတို့ကြောင့် ဖြစ်တတ်ပါတယ်။

အဲဒီရောဂါတွေအနက် Vit Hge,CRAO,CRVO ရောဂါတွေကတော့ အသက်(၅၀)ကျော် (၆၀)အထက် လူတွေမှာသာ ဖြစ်တတ်ပြီး သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူတွေမှာ ပိုဖြစ်တတ်ကြပါတယ်။ သွေးတိုးနဲ့ ဆီးချိုရောဂါကို ထိန်းထိန်းသိမ်းသိမ်းမနေသူတွေမှာ ပိုဖြစ်တတ်တာကြောင့် ၎င်းရောဂါရှိသူတွေ အထူးသတိထားအပ်တဲ့ရောဂါ ဖြစ်ပါတယ်။ အဲဒီရောဂါတွေဟာ အများ အားဖြင့် ခွဲစိတ်ကုသဖို့မလိုဘဲ ဆေးနဲ့ကုရတဲ့ရောဂါတွေ ဖြစ်ပါတယ်။ နောက်ဆုံးမှသာ လေဆာရောင်ခြည်နဲ့ကုဖို့ လိုချင်လိုတတ်ပါတယ်။ မျက်စိ အာရုံကြောမကြီး ရောင်ရမ်းတဲ့ရောဂါကတော့ လူကြီးလူငယ်မရွေး ဖြစ်တတ်ပြီး ဖြစ်လျှင်ဖြစ်ချင်း ကုနိုင်ရင်ပျောက်ကင်းလွယ်တဲ့ရောဂါ ဖြစ်ပါတယ်။ ဒီရောဂါ ဟာလည်း ဆေးနဲ့ပဲပျောက်ကင်းအောင် ကုရတဲ့ရောဂါမျိုးပါ။

မျက်စိအာရုံလွှာ ကွာကျတဲ့ရောဂါကတော့ Myopia ခေါ် အဝေးမှုန် ရောဂါရှိသူတွေမှာ ပိုဖြစ်တတ်ပါတယ်။ အနုတ်မျက်မှန် -4.00 နှင့် အထက် တပ်ဆင်ရသူတွေမှာ ဖြစ်တတ်တဲ့ရောဂါဖြစ်ပြီး ဒီလိုအာရုံကြောလွှာ ကွာမကျ ခင် လျှပ်စီးလက်တာတို့၊ ပူဖောင်းလို အစက်အပြောက်မြင်တာတို့၊ ခန်းဆီးလွှာ ကွာကျသလိုခံစားရတာတို့ ဖြစ်တတ်ပါတယ်။ ဒါတွေဖြစ်ရင် သက်ဆိုင်ရာ မျက်စိဆရာတွေနဲ့ ပြသပြီး အာရုံလွှာကွာကျသည်ထိ မဖြစ်အောင် ကုသမှုခံယူ ထားဖို့ လိုပါတယ်။ မျက်စိအာရုံလွှာ ကွာကျတာကတော့ စောစောစီးစီး စောစောခွဲစိတ်ကုသမှုခံယူလေ ပိုကောင်းလေဖြစ်တဲ့ ရောဂါမျိုးပါ။

မျက်စိ ဖြုန်းခနဲ မှုန်သွားတဲ့ ရောဂါတွေပြီးရင် တဖြည်းဖြည်း မှုန်သွား တဲ့ ရောဂါတွေအကြောင်း ဆက်ပြောပါရစေ။ တဖြည်းဖြည်း မှုန်သွားရတဲ့ မျက်စိရောဂါတွေကတော့-

(၁) အတွင်းတိမ်ရောဂါ၊

(၂) မသိမသာဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်ရောဂါ၊

(၃) တချို့ ပြင်းပြင်းထန်ထန်မဖြစ်တဲ့ ထောင့်ကျဉ်းရေတိမ်ရောဂါ၊

(၄) Myopia ခေါ် အနုတ်မျက်မှန် -4.00ကျော်ကျော်တပ်ဆင်ရတဲ့ အဝေးမှုန်ရောဂါ၊

(၅) ဆီးချိုနှင့် သွေးတိုးတို့ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်တတ်တဲ့ မျက်စိရောဂါ (Diabetic and Hypertensive Retinopathy)၊

(၆) အသက်အရွယ်ကြီးပြီး အနည်းဆုံး အသက်(၆၀)ကျော်၊ (၇၀) တွေမှာဖြစ်တတ်တဲ့ မျက်စိအာရုံကြောလွှာ ပျက်စီးတဲ့ရောဂါ (Age Related Macular Degeneration AR.MD) ရောဂါတို့ ကြောင့်ပဲ ဖြစ်ပါတယ်။

အတွင်းတိမ်ရောဂါဟာလည်း ကလေးလူကြီး ဘယ်သူမဆိုဖြစ်တတ်ပြီး အများအားဖြင့်တော့ အနည်းဆုံးအသက် (၆၀)ကျော်အရွယ်မှသာ အဖြစ်များ တတ်တာပါ။ ကလေးမှာဆိုရင်တော့ မွေးရာပါ အတွင်းတိမ် မဟုတ်ရင်လည်း ထိခိုက်ဒဏ်ရာ တစ်ခုခု၊ တခြားမျက်စိရောဂါတစ်ခုခုနှင့် ပူးတွဲပြီး ဖြစ်တတ် တဲ့ အတွင်းတိမ်ကို စောနိုင်သမျှစောပြီး ခွဲစိတ်ကုသတာကောင်းတာကြောင့် သက်ဆိုင်ရာ မျက်စိဆရာဝန်နှင့်ပြသပြီး ကုသမှုခံယူကြဖို့လိုပါတယ်။

လူကြီးအတွင်းတိမ်ဆိုရင်လည်း မျက်စိဟာ နီခြင်း၊ ကိုက်ခြင်းမရှိဘဲ နှင်းကျသလို တဖြည်းဖြည်းမှုန်လာပြီး ပုံမှန်တပ်ဆင်တဲ့ မျက်မှန်နဲ့ မတော်ဘဲ ခဏခဏ မျက်မှန်ပြန်စမ်းရတာမျိုး ဖြစ်တတ်ပါတယ်။ ဘယ်အချိန်မှာ ခွဲသင့် တယ်ဆိုတာကတော့ မိမိရဲ့နေ့စဉ်လုပ်ကိုင်နေရတဲ့ အလုပ်တွေကို ပုံမှန်မလုပ် နိုင်အောင် မှုန်နေရင်တော့ သက်ဆိုင်ရာဆရာဝန်နှင့် တိုင်ပင်ပြီး ခွဲစိတ်သင့်ပါ တယ်။ အတွင်းတိမ်ဟာ မျက်စိရောဂါတွေထဲမှာ ခွဲစိတ်မှုနဲ့ ပျောက်ကင်း အောင် ဆောင်ရွက်ပေးနိုင်ဆုံးသောရောဂါဖြစ်ပါတယ်။ ဒါကြောင့်

အတွင်းတိမ်မှန်ပါက
ခွဲစိတ်ကုသရင် ပျောက်မည်ပ၊
အတွင်းကြောင့် မျက်စိကွယ်
ခွဲစိတ်ကုဖို့ အလွန်လွယ်
မှန်ဘီလူးငယ် ထည့်ပါက
အမြင်အာရုံ ချက်ချင်းရ။

လို့ ရေးခဲ့ကြတာမဟုတ်လား။ ဒါကြောင့် မျက်စိမှုန်လာပြီဆိုတာနဲ့ စမ်း တဝါးဝါး ဟိုလူပြောတဲ့ ဆေးခတ်၊ ဒီလူပြောတဲ့ဆေးစား လုပ်မနေကြဘဲ သက်ဆိုင်ရာပညာရှင်တွေနဲ့သာပြသပြီး တိကျတဲ့ကုသမှုကို ခံယူကြပါလို့ တိုက်တွန်းလိုပါတယ်။

မသိမသာဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်ဆိုရင်လည်း နီခြင်း၊ကိုက်ခြင်း အလျဉ်းမရှိဘဲ မြင်ကွင်းကျဉ်းလာတာပဲရှိတယ်။ တချို့သတိထားတဲ့လူတွေ ကတော့ အရိပ်တစ်ခုကွယ်နေတယ်။ မြင်ကွင်းကျဉ်းလာတယ်။ ကြည့် မကောင်းဘူး။ မျက်မှန် ခဏခဏပြန်စမ်းချင်တယ်။ အလင်းထဲကနေ အမှောင်ထဲတွင် သွားလိုက်ရင်လည်း တော်တော်နဲ့ ပြန်မမြင်ချင်ဘူး။ သာမန် လူတွေထက် ကြာတတ်တယ်။ အသက်(၅၀)ကျော်၊ (၆၀)ကျော် အရွယ်တွေမှာ ဖြစ်တတ်တာမို့ အဲဒီအရွယ်ရောက်ရင် သတိထားဖို့လိုတယ်။ လက္ခဏာအပြ နည်းပြီး မသိမသာဖြစ်နေတတ်တဲ့ရောဂါမို့ ဆရာဝန်နဲ့ပြကြည့်ဖို့ လိုတယ်။

နောက်ရောဂါတစ်မျိုးဖြစ်တဲ့ ပြင်းပြင်းထန်ထန်မဖြစ်တဲ့ ထောင့်ကျဉ်း ရေတိမ်ရောဂါမျိုး ဒါမှမဟုတ် ထောင့်ကျဉ်းရေတိမ်ကို လေဆာနှင့် အပေါက် ဖောက်ပြီးကုထားတဲ့ လူမျိုးကျတော့ မျက်စိအနည်းအပါးကိုက်တာ၊ အောင့်တာ လေးလောက်ပဲ ဖြစ်တတ်တယ်။ မသိမသာလေးပဲ၊ ဒီလိုနဲ့ တဖြည်းဖြည်း ရေဖိအားကြောင့် အာရုံကြောသေလာပြီး မျက်စိမှုန်လာတတ်တယ်။ ဒါပေမယ့် တစ်ဖက်မျက်စိကကောင်းနေတော့ သတိမထားတတ်ကြဘူး။

နောက်ရောဂါတစ်မျိုးဖြစ်တဲ့ ဆီးချိုနှင့် သွေးချိုကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ မျက်စိရောဂါမျိုးကတော့ ဆီးချို၊ သွေးတိုးရှိသူတွေ သတိထား ရမယ့်ရောဂါပါ။ သွေးတိုးရှိတယ်၊ ဆီးချိုရှိတယ်လို့ သိလိုက်တာနဲ့ မျက်စိဟာ တစ်နေ့နေ့ အန္တရာယ်ပေးနိုင်တယ်ဆိုတာ အသိရှိဖို့ လိုပါတယ်။ သွေးတိုး အများကြီး ဖြုန်းခနဲ မတက်ဖို့၊ ဆီးချိုအများကြီးမတက်ဖို့ သတိထားရ ပါမယ်။

ဒီရောဂါနှစ်မျိုးစလုံးဟာ ကြာလေ မျက်စိကိုဒုက္ခပေးလေ ဖြစ်တတ်တာ မို့ တတ်နိုင်သမျှ ရောဂါမပြင်းထန်အောင် ထိန်းထိန်းသိမ်းသိမ်းနေတာဟာ မျက်စိကို စောင့်ရှောက်တာပဲလို့ မှတ်ယူထားဖို့လိုပါတယ်။ နောက်ရောဂါ တစ်ခုဖြစ်တဲ့ အသက်အရွယ်ကြီးရင့်လို့ မျက်စိမှုန်တဲ့ရောဂါ (ARMD) ကတော့ အသက်(၆၀)ကျော်၊(၇၀)တွေမှာ ဖြစ်တတ်ပြီး တည့်တည့်ကြည့်ရတဲ့ အမြင်၊ စာဖတ်ခြင်း၊ အနီးကြည့်ခြင်းတို့ မှုန်သွားတတ်ပြီး ဘာမဆို ကြည့် လိုက်တိုင်း ဝိုးတဝါးသာမြင်ရတတ်ပါတယ်။ လေဆာရောင်ခြည်တို့၊ စားဆေးတို့၊ မျက်စိအထဲထိုးတဲ့ဆေး (Macuigen Avastin)တို့ ပေါ်နေပေမယ့် နည်းနည်း သက်သာရုံပဲရှိပြီး ပျောက်ကင်းအောင် မကုနိုင်သေးပါဘူး။ Stem Cell နဲ့ အစားထိုးကုသဖို့ ကြိုးစားနေပါတယ်။

မျက်စိရောဂါပဲဖြစ်ဖြစ်၊ ဘာရောဂါပဲဖြစ်ဖြစ် တစ်ခုခုသံသယဖြစ်လာ ရင် စမ်းတဝါးဝါးဖြစ်ကာ ဘေးပြောတဲ့စကားတွေ နားထောင်ပြီး လုပ်ကြည့် နေမယ့်အစား တတ်ကျွမ်းနားလည်သူတွေရဲ့ လမ်းညွှန်မှုအတိုင်းသာ လိုက်နာ လုပ်ဆောင်ကြရင် ဘေးဥပဒ်ဖြစ်လာမယ့်အန္တရာယ်က လွယ်လွယ်ကူကူ လွတ် မြောက်နိုင်ကြမယ်ဆိုတာ ဗဟုသုတ ဝေမျှရင်း အသိပေးရေးသားတင်ပြလိုက် ရပါတယ်။ ။

ပန်းအလှပင်များစိုက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းဗိုလ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းတို့ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုး ထားရှိမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် အင်ဂျင်နီယာမှူး တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

မိုးကောင်း စက်တင်ဘာ ၃

မိုးကောင်းမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဩဂုတ် ၂၇ ရက် နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်အိအိရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအရာရှိ ဦးလဆမ်က မိခင်နို့တိုက်ကျွေးရေးအသိပညာပေးနှင့် ကျန်းမာရေးပညာပေးများကို ဟောပြောပြီး အခမ်းအနား တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေး၊ ဘားပလက်နှင့် ကယ်လ်ဆမ်ကွေကာ အာဟာရ ထုပ်များ ဝေငှပေးကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမက(၁)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်တိုး သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသူ မနန္ဒာထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

လားရှိုးမြို့နယ် ပန်ဆတ်ကျေးရွာ စာကြည့်တိုက်ပန္နက်တင်

လားရှိုး စက်တင်ဘာ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် စဉ့်အင်အုပ်စု ပန်ဆတ် ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ပန္နက်တင်အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီး အရာရှိ ဒေါ်ခင်စောလင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခင်ညွန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်စာကြည့်တိုက်ကော်မတီဝင်များက လင်းရောင်ခြည် စာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။ အဆိုပါစာကြည့်တိုက်သည် အလျား ၂၇ပေ၊ အနံ ၁၉ပေ၊ အမြင့် ၁၄ပေ၊ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ကာဖြစ်ပြီး နိုင်ငံတော် မတည်ငွေ ၁၀သိန်းနှင့် ကျေးရွာမှ ထည့်ဝင်လှူဒါန်းငွေ ၁၅သိန်းတို့ဖြင့် တည်ဆောက် မည်ဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အမှာစကားပြောကြား

မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် "မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးခြင်း" သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(ယဉ်ကျေးမှု)

မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း သုတေသနစာတမ်းဖတ်

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများသည် ရှည်လျား၍ ခိုင်မာသော သမိုင်းကြောင်းနှင့်အတူ ဖြစ်ထွန်းလာသည့် နိုင်ငံနှင့်လူမျိုးများဖြစ်

နေပြည်တော် စက်တင်ဘာ ၃

"မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း" သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်၊ ဒေါ်အုန်းကြည်၊ ဦးကျော်ငြိမ်းနှင့် ဦးချစ်စံ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဧည့်သည်တော်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ် ဇွန်လမှစ၍ ဦးစီးဌာန အလိုက် စာတမ်းဖတ်ပွဲများကို ခိုင်မာသည့်ရည်ရွယ်ချက်များ ချမှတ်ပြီး ကျင်းပခဲ့ရာ ယခုစာတမ်းဖတ်ပွဲသည် (၁၉)ကြိမ်မြောက်ဖြစ်သကဲ့သို့ သမိုင်းသုတေသန ဦးစီးဌာန၏ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ သည် ရှည်လျား၍ ခိုင်မာသော သမိုင်းကြောင်းနှင့်အတူ ဖြစ်ထွန်းလာသည့် နိုင်ငံနှင့် လူမျိုးများဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်သန်း ၄၀ မှစ၍ မြန်မာ့မြေပေါ်တွင် လူသား မျိုးနွယ်အစ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ပြီး ဆက်လက်ကြိုးပမ်းအားထုတ်မှုကြောင့် လူတူပရိုင်းမိတ် အထောက်အထားများကို အခိုင်အမာ ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယဉ်ကျေးမှုစတင်ပေါ်ထွန်းခဲ့သော သမိုင်းမတင်မီ ခေတ်ကာလများ၌လည်း မြန်မာနိုင်ငံတွင် ကျောက်ခေတ်ယဉ်ကျေးမှုကာလများ ဖြစ်သည့် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုများ အဆင့်ဆင့်ထွန်းကားခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများ ထွန်းကားခဲ့ပြီး မြို့ပြယဉ်ကျေးမှုကို ထူထောင်နိုင်သည့် ပျူယဉ်ကျေးမှု ထွန်းကားသော ကာလကို ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားတွင် ပျူများ ပျံ့နှံ့နေထိုင်ခြင်းနှင့် ထင်ရှားသော ပျူမြို့ပြနိုင်ငံများ ထူထောင်နိုင်ခဲ့ခြင်း၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင် အနုသုခုမသဘင် ရှိခဲ့ခြင်းတို့သည် ပျူများ၏ ထူးခြားသောအသွင်များပင်ဖြစ်ကြောင်း၊ ပျူတို့မှ အသီးတစ်ရာ အညှာတစ်ခုပမာ ဆင်းသက်လာသူများက ပုဂံလက်နက် နိုင်ငံတော်ကြီးကို ဆက်လက်ထူထောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရှေးဦး မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည့် ပျူလူမျိုးများသည် မြန်မာနိုင်ငံအတွင်း ရေကြည်ရာ မြက်နုရာ သွားရောက်အခြေချ နေထိုင်ခဲ့ကြကြောင်း၊ ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း၊ ပင်လယ်နှင့် ဝတီး၊ ရခိုင်မြို့ဟောင်းများ ဖြစ်သည့် ဓညဝတီနှင့် ဝေသာလီ၊ မွန်မြို့ဟောင်းများဖြစ်သည့် ကျိုက္ကသာနှင့် ဟံသာဝတီ၊ ထားဝယ် မှ သာဂရ စသည့် မြို့ဟောင်းများသည် မြို့တည်စနစ်၊ နန်းတည်စနစ်၊ အသုံးအဆောင်၊ အဝတ်အစားများမှအစ အုတ်အရွယ်အစားအထိ များစွာကွဲပြားမှုမရှိဘဲ တူညီနေသော အချက်က ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခု ဆိုသကဲ့သို့ ပျူယဉ်ကျေးမှုဆိုသည့် ပင်စည်ကြီးမှ အခက်အလက် အညွှန့်အဖူးများ ဝေဖြာဆင့်ပွားထွန်းကားခဲ့ကြကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ " ပျူစစ်ရင် မြန်မာ" ဆိုသည့် ရှေးအစဉ်အဆက် ဆိုရိုးစကားသည် မြန်မာလူမျိုးများ အစဉ်အဆက် ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲဖြစ်ထွန်းလာမှုကို ညွှန်ပြနေသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ယင်းအခြေခံ အချက်အလက်များကြောင့် မြန်မာပြည်သူများသည် သမိုင်း မတင်မီခေတ်မှစတင်၍ မိမိနိုင်ငံ၊ မိမိတိုင်းပြည်တွင် နေထိုင်လာခဲ့ကြသူများဖြစ်ပြီး ယဉ်ကျေးမှုအဆင့်ဆင့် မြင့်မားစွာ ဖြစ်တည်လာခဲ့ပုံကို ခိုင်ခိုင်မာမာပြသနိုင်ကြောင်း၊ မြန်မာများ၏ ဘိုးဘွားများဖြစ်သည့် ပျူများ ပျံ့နှံ့နေထိုင်မှုသည် မြန်မာနိုင်ငံအနှံ့၌ ဖြစ်ပြီး ပျူများ၏ယဉ်ကျေးမှုအဆင့်အတန်းသည်လည်း အလွန်မြင့်မားခဲ့သည်ကို သုတေသနပြု တူးဖော်ချက်များအရ ယနေ့တိုင် တွေ့နေရကြောင်း၊ ဘိုးဘွားများ တည်ထောင်ခဲ့သည့် ပျူနိုင်ငံတော်ကြီးသည် အလွန် ဩဇာအာဏာ ပျံ့နှံ့ကြီးထွား ခဲ့သည်ကို သမိုင်းသက်သေအဖြစ် တွေ့ရှိနေရကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ပြည်သူများ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်စေရန်၊ ဇာတိသွေးဇာတိမာန် တက်ကြွစေရန်နှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်ဖြစ်ပေါ်စေရန်တို့အတွက် အားပေးမှုကြောင့် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီး ဌာနအနေဖြင့် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများကို ကျင်းပရခြင်းမှာ သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး တိကျခိုင်မာသည့် မြန်မာ့ သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရန် ဖြစ်ကြောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူ ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အုန်းကြည်၊ ဦးကျော်နှင့် ဦးချစ်စံတို့က ဆောင်ရွက် ကြသည်။ နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် မြန်မာသမိုင်းအဖွဲ့ဝင် ဦးချစ်စံက "မြန်မာ့ ဘူမိဖြစ်စဉ်နှင့် ပျူတို့၏ ရှေးဦးမြို့ပြနိုင်ငံ အခင်းအကျင်း" စာတမ်းနှင့် ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက " မြန်မာနိုင်ငံအတွင်း ပျူလူမျိုးများ ပေါက်ဖွားပျံ့နှံ့နေထိုင်ပုံ" စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သမိုင်းသုတေသန ဦးစီးဌာနမှ ကျွမ်းကျင်သူ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစံဝင်းက "လက်ရေးစင်း အုတ်ချပ်ဓလေ့နှင့် ပျူယဉ်ကျေးမှု" စာတမ်း၊ သမိုင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်မြင့်က "ပျူနိုင်ငံနှင့် အရှေ့တောင်အာရှဒေသ" စာတမ်း၊ သမိုင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒေါက်တာလဲ့လဲ့ဝင်းနှင့် ဒေါက်တာနှင်းယုခိုင်တို့က " ရသေ့မြို့တည်ဟန် (တကောင်းမှ သဲကုန်းနှင့် သရေခေတ္တရာသို့ ပျူတို့ပျံ့နှံ့ နေထိုင်လာခြင်း)" စာတမ်းတို့ကို ဖတ်ကြား ကြသည်။

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့် စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးချစ်စံ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဇော်ဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးကျော်ဦး၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီး ဦးသိန်းလွင်၊ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးလှ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(ပြည်ဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြိုင်၊ သမိုင်း သုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမြမြသောင်းတို့က ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ "မြို့ကြီးသားယဉ်ကျေးမှု"
၈း၃၅ ၉။ "ဘီလပ်မြေစက်ရုံ (နေပြည်တော်)"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ Yan Can Cook
၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ" (အပိုင်း-၃၉)**
၁း၃၀ ၇။ "ဘယ်သူပြိုင်လို့လှပါတော့နိုင် ရုပ်ရှင်ကားဖန်တီးသူဆရာကြီး ဦးသုခနှင့် တွေ့ဆုံခြင်း"
၁း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁း၅၀ ၉။ လောကနီတိ(၄) "လှပခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီ ဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ-ခင်ဇော်)
၂း၃၀ ၁၀။ အတီးပြိုင်ပွဲ
၂း၅၀ ၁၁။ International News
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ဒုတိယနှစ်) (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၄၅ ၆။ International Science News
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၁၀။ **ယဉ်တစ်ကိုယ်မယ် (နန်းဆုရတီစိုး) (ဒါရိုက်တာ-ခေတ်ဘုန်းမို)**
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၁)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ (တေးရေး-မောင်မောင်ဇော်ဝင်း)
၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၆)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၁၇)**
၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
၁၉။ အစီအစဉ်ပြီး၏။

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃

ရှမ်းပြည်နယ်ကော်မရှင် အဖွဲ့ခွဲနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဟိုပုန်းမြို့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဟိုပုန်းမြို့နယ် ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်က အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ပြည်နယ်ဥပဒေ အရာရှိ ဦးမောင်မောင်နှင့် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသက်ထွန်းက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွင် ပါဝင်သည့် ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ် ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များက ဟိုပုန်းမြို့နယ်အတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် များအား သင်တန်းပေးခြင်း၊ မဲရုံနေရာများ သတ်မှတ်ခြင်းနှင့် မဲစာရင်းပြုစုခြင်း စသည့် ကိစ္စရပ်များဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များက လိုအပ်သည်များကို ပြန်လည်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝမ်းတွင်း(၁)ရပ်ကွက် အမှတ်(၁၄)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝန်ကြီး ဦးစိုးနိုင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် စက်တင်ဘာ ၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန် အမရဟိုတယ် မင်္ဂလာအစည်းအဝေးခန်းမ၌ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ မန်နေဂျာများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ၏ တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို အချိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး၊ ဟိုတယ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပရေးတို့အတွက် ဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (ဟိုတယ်/ခရီး)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ထောက်ကြန့်၊ လှည်းကူးနှင့် လေးထောင့်ကန် မီးသတ်စခန်းများသို့ ရောက်ရှိရာ မီးသတ်စခန်း တာဝန်ခံများက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြှိမ်းသတ်ရေး စီမံချက်များကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး တည်ဆောက်ထားရှိရန်၊ မီးလောင်ပြင်သို့ မြန်မြန်သွားနိုင်ရေးအတွက် သင့်(၄)သင့်ဖြစ်သော လူ၊ ယာဉ်/စက်၊ ဆီ၊ ရေအသင့်ရှိနေရေးအတွက် ဆောင်ရွက်ထားကြရန်၊ မီးကို မြန်မြန်ငြှိမ်းသတ်နိုင်ရေးအတွက် မီးသတ်ပညာရပ်များ၊ မီးသတ်ယာဉ်/စက်နှင့် မီးသတ်ပစ္စည်းကိရိယာ အသုံးပြုနည်းများ ပိုမိုကျွမ်းကျင်ရေးအတွက် အမြဲလေ့ကျင့်နေရန်၊ လေ့ကျင့်မှုများ ပြုလုပ်ရာတွင် အသားတကျဖြစ်အောင် အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုပါ ပူးတွဲလေ့ကျင့်ပေးရန်၊ မီးသတ်ယာဉ်/စက်လေ့ကျင့်ခန်းများကို နေ့စဉ်၊ အပတ်စဉ်ဆောင်ရွက်ကြရန်၊ မီးငြှိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရန်၊ မိမိဒေသအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့၍ လိုအပ်ချက်များ ကူညီပံ့ပိုးခြင်း၊ လိုအပ်ချိန်တွင် အသင့်စုစည်းနိုင်ရေး စီမံဆောင်ရွက်ထားကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်သို့ ရောက်ရှိပြီး ဆောက်လုပ်ဆဲ မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာက တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ကျင်းပရာ နေပြည်တော်အမျိုးသား ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်း ကော်မတီဝင်များ ဖြစ်ကြသော ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားရာ၌ အမျိုးသားပရဆေးဥယျာဉ်တွင် ပရဆေးပျိုးပင်များကို စုံလင်စွာ စိုက်ပျိုးထားရှိလာရာ ပြည်သူအများ လေ့လာအပန်းဖြေနိုင်ပြီး တိုင်းရင်းဆေးပင်များနှင့် စပ်လျဉ်း၍ စုံလင်စွာသိရှိနိုင်ရန် ရည်ရွယ်ထားရှိကြောင်း၊ နိုင်ငံတကာမှ ဧည့်သည်တော်များ ရောက်ရှိလာသည့်အခါ လေ့လာနိုင်ရန် အဆင့်မြင့် ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း။

တိုင်းရင်းဆေးပရဆေးဥယျာဉ်အတွင်း ပရဆေးပင်အမျိုးစုံလင်စွာ စိုက်ပျိုးထားရှိသွားရန်နှင့် ရှားပါးပရဆေးပျိုးပင်များ များများ စုဆောင်းထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပရဆေးဥယျာဉ် သာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက်မွမ်းမံပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းကို ထိရောက်သော တိုးတက်စေသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီ အကြံပြုဆွေးနွေးဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်က ပရဆေးဥယျာဉ်အတွင်း တိုးချဲ့မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များ အပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

Star Resources က မုန့်မျိုးစုံပြုလုပ် ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူ တစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာ အဆင့်ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအပတ်စဉ် အသစ်ကို စက်တင်ဘာလ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင်စက်တင်ဘာလဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သူနာပြုတက္ကသိုလ်(ရန်ကုန်)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

သူနာပြုတက္ကသိုလ်(ရန်ကုန်) ယခင် သူနာပြုသင်တန်းကျောင်း၌ ၁၉၈၅-၁၉၈၈ ခုနှစ်အထိ တက်ရောက်ခဲ့ကြသော သူငယ်ချင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ပွဲအခမ်းအနားသို့ အနယ်နယ် အရပ်ရပ်ရှိ သူငယ်ချင်းများအားလုံး ပြန်လည်တွေ့ဆုံ ဆောင်ရွက်နိုင်ရေး အတွက် အကြံဉာဏ်များ၊ အလှူငွေများကို ဒေါ်စန်းစန်းဝေ (Y.G.H)ဖုန်း-၀၁-၇၃၀၀၅၂၆၆၊ ဒေါ်ခင်ခင်ညို (Y.G.H) ဖုန်း-၀၉-၅၀၁၈၇၄၃၊ ဒေါ်စွဲ့မိုးမိုးအေး ဖုန်း-၀၁-၇၁၀၀၃၀၊ ဒေါ်ဥမ္မာလွင် (T.G.I) ဖုန်း-၀၁-၂၂၀၆၉၅၊ ဒေါ်ထုရှန်(T.G.I) ဖုန်း-၀၁-၅၃၇၇၅၂၆၊ ဒေါ်ဝင်းဝင်းစိုး (N-OAKKALA)ဖုန်း-၀၁-၇၃၀၁၀၅၈၄၊ ဒေါ်တင်မိ (EAST) ဖုန်း-၀၉-၅၄၀၆၂၈၀၊ ဒေါ်တွန်အိယန်း (M.D.Y) ဖုန်း-၀၉-၅၁၉၇၆၆၁၊ ဒေါ်ပပဝင်း၊ ဖုန်း-၀၁-၅၀၀၁၀၆၊ ဒေါ်သီသီဦး ဖုန်း-၀၁-၅၄၁၄၃၂၊ ဦးအောင်နေလင်း-ဒေါ်ချိုချိုစိန် ဖုန်း-၀၁-၅၀၀၃၄၈၊ နော်မိုရင်း ဖုန်း-၀၁-၅၈၆၇၈၃၊ ဒေါ်သိန်းသိန်းဝင်း ဖုန်း-၀၉ -၅၅၀၆၅၁၉၊ ဒေါ်မြင့်မြင့်ငုံ ဖုန်း-၀၁-၇၃၀၃၃၉၁၁၊ ဒေါ်စွဲ့ခင်မာဝင်း ဖုန်း-၀၉-၅၁၈၂၆၂၆၊ ဒေါ်သန်းသန်းဝင်း ဖုန်း-၀၁-၇၃၀၀၃၃၅၉၊ ဒေါ်သန်းသန်းညို ဖုန်း-၀၁-၆၅၃၆၀၆ တို့သို့ စက်တင်ဘာလကုန် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ ဆောက်လုပ်ပြီးစီးသွားသည့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းတို့ နေပြည်တော် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးမျိုးအောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းညွန့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဧည့်သည်တော်များက ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့် သင်ထောက်ကူပစ္စည်း ပရိဘောဂများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၆၅၄ စုံကို လည်းကောင်း၊ ဝန်ကြီး ဦးသိန်းညွန့်က ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး စာရေးကိရိယာ၊ ဗလာစာအုပ်ဒါဇင် ၁၀၄၀ နှင့် ခဲတံ ၂၉၅ ဒါဇင်တို့ကို လည်းကောင်း ပေးအပ်ကြရာ ကျောင်းသူကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းက သင်ကြားမှုအထောက်အကူပြုပစ္စည်း ကွန်ပျူတာသုံးစုံနှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ယင်းနောက် အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်ထံ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးအေးသန့်က ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း Computer Room၊ Audio Room၊ သိပ္ပံလက်တွေ့ခန်း၊ စာကြည့်တိုက်နှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းသည် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ တည်ရှိပြီး ကျောင်းပင်မအဆောက်အအုံမှာ ၂၇၂ပေ × ၂၁၆ပေ ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းအုပ်ကြီး နေအိမ်၊ ရှစ်ခန်းတွဲ ဆရာ၊ ဆရာမဆောင်တို့ပါ ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (နယ်စပ်/စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၁၀ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "စိတ်စင်ကြယ်မှချမ်းသာမယ်" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၇)**
- ၈း၄၀ သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
- ၉း၀၀ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
- ၉း၂၀ အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွပ်စက်ရုံ
- ၉း၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၁၀ ပဲခူးတိုင်းဒေသကြီးအတွက်. . . ပထမခြေလှမ်းပြည်(ရွှေတံခါး)- ပေါက်ခေါင်းရထားလမ်း
- ၁၀း၂၅ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၁၀း၄၅ သွားမယ်စားမယ် (HYPER Food Fusion)
- ၁၁း၁၅ MNL Preview
- ၁၁း၅၀ ပန်းချီပြခန်း (Nine Art Exhibition)
- ၁၂း၀၀ ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
- ၁၂း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ချောရတနာနှင့်တွေ့ဆုံခြင်း)
- ၁း၀၀ "စိတ်စင်ကြယ်မှချမ်းသာမယ်" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဖက်ရှင်လမ်းညွှန် [ဒီဇိုင်နာသက်နှင်းအေး (Dozo)]
- ၂း၅၅ VJ Choice
- ၃း၃၀ Kids Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၇)**
- ၄း၄၅ ပဲခူးတိုင်းဒေသကြီးအတွက်. . . ပထမခြေလှမ်းပြည်(ရွှေတံခါး)- ပေါက်ခေါင်းရထားလမ်း
- ၄း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Parachute Hair Oil ကုန်ပစ္စည်း သစ်မိတ်ဆက်ပွဲ)
- ၅း၁၀ Sports Diary
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီခွဲ့ခွဲ့စန်း) (အပိုင်း-၂)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၄)**
- ၇း၁၅ Talent Show (ကြည်နူးခံစားအမျိုးသမီးတို့ရဲ့ ဆိုင်းလက်သံများ)
- ၇း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ချောရတနာနှင့်တွေ့ဆုံခြင်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉း၁၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (NEW AGE & LOVE)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၈)**
- ၁၀း၁၀ Activities In the City (HAIHAI & GUN GUN ကလေးအာဟာရဖြည့်နို့မှုန့်မိတ်ဆက်ပွဲ)
- ၁၀း၂၅ နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (အရန်ပဟင်းလျာအလှဆင်နည်း)
- ၁၀း၄၅ World of Knowledge [Ancient Megastructures (Pyramid)]
- ၁၁း၃၅ အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွပ်စက်ရုံ
- ၁၁း၅၅ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
- ၁၂း၁၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၁၂း၄၀ သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
- ၁း၀၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
- ၁း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Parachute Hair Oil ကုန်ပစ္စည်း သစ်မိတ်ဆက်ပွဲ)
- ၁း၂၅ ရှေးဟောင်းအမွေဆည်ကန်ရေ စိမ်းစိုလန်းဖြာမြကန်သာ
- ၁း၃၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (NEW AGE & LOVE)
- ၂း၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
- ၃း၀၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
- ၃း၄၀ ထင်ရှားတည်ရှိမြင်းမထိ
- ၃း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

Logic Myanmar (Ideas of Solution) စီစဉ်မှုဖြင့် လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲ ၂၀၁၀ (People's Utility of Electronics Exhibition-2010)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။**(အောက်ယာပုံ)**

ပြပွဲကို Logic Myanmar (Ideas of Solution) မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ထွန်း၊ Main Sponsor Panasonic Authorized Service Center မန်နေဂျာ ဦးသက်ထွဋ်စိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြပွဲတွင် Main Sponsor အဖြစ် Panasonic Electronic မှ အဓိကပံ့ပိုးပြီး Panasonic ရုပ်သံပစ္စည်းများဖြစ်သည့် Plasma TV,LCD TV, Digital Still Camera/Digital Movie Camera, Lumix Camera,Health & Beauty Products, Inverter၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်မှ စ၍ မီးဖိုချောင်သုံး Microwave မီးဖို၊ ရေပူ/ရေအေး ရေချိုးစက်၊ ဖုန်စုပ်စက်၊ လျှပ်စစ်မီးပူများ၊ ကျန်းမာရေးနှင့် အလှအပ ဆိုင်ရာပစ္စည်းများဖြစ်သည့် အနှိပ်ခုံ၊ ပေါင်ချိန်စက်၊ သွေးပေါင်ချိန်စက်၊ ဆံပင်ခြောက်စက်၊ ဖြောင့်စက်၊ ကောက်စက်၊ မျက်နှာပေါင်းတင်စက် စသည်တို့ကို မိတ်ဆက်ပေးပြီး Panasonic Co., Ltd. မှ တိုက်ရိုက် ရောင်းချသော ပစ္စည်းများတွင် အာမခံတစ်နှစ်ပစ္စည်းနှင့် လက်ခအခမဲ့အပြင် အထူးလက်ဆောင်များရရှိမည့် အခွင့်အရေးများ၊ TMW Enterprises Co., Ltd. မှ Sony, T-Home, LG, Inax, OTO အစရှိသော ထုတ်ကုန်များ၊ ARCHER, Latest Shirt, Green Light တို့မှ Shirt များ၊ Hero မှ ယောကျ်ားဝတ်ဂျင်းထည်များ၊ Ever Seiko မှ ရေနွေးချိုးစက်၊ TWJS မှ အိမ်သုတ်ဆေးများ၊ Good Brothers မှ မီးစက်နှင့် လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာလုပ်ငန်းရှင်ကြီးများ စုပေါင်းတင်ဆက်ပြသမည့် IT Zone တွင် Acer, MSI, Brother, Foxconn, Kaspersky, Suzuki, Delux အစရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Infinity Investment Co., Ltd. မှ Apple အမှတ်တံဆိပ်ကွန်ပျူတာတို့ပါဝင်မည်ဖြစ်သည့်အပြင် ပြပွဲတွင် ဆွဲဆောင်မှုရှိသော အမျိုးသားများ Attractive Male Models ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်တွင် Semi Final နှင့် စက်တင်ဘာ ၆ ရက်တွင် Final ပွဲစဉ်များ ပါဝင်မည်ဖြစ်ကာ Media Sponsor၊ အချစ်ဂျာနယ်၊ Make Up & Hair Design Sponsor ညီညီမောင် (စမ်းချောင်း)၊ ယောကျ်ားအဝတ်အထည် Sponsor, Archer နှင့် MIG တို့က အဓိကပံ့ပိုးထားပြီး Models များ၏ ဖျော်ဖြေမှုများဖြင့် စက်တင် ဘာ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Logic Myanmar (Ideas of Solution) စီစဉ်မှုဖြင့် လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀ ဖွင့်ပွဲအခမ်းအနားတွင် ဧည့်သည်များ ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ရုပ်ပျိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲတို့ ကျင်းပမည်

ရန်ကုန်　စက်တင်ဘာ　၃

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲတို့ကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်ကြီးအောင် အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် အမျိုးသားတံခွန်စိုက် အမှတ်ခတ် ၁၀ ပေါက်တန်းပြိုင်ပွဲတွင် သုံးသင်း၊ အမျိုးသားဝိုင်းဖွဲ့ အမှတ်ခတ်လေးပေါက်တန်းပြိုင်ပွဲတွင် ၁၉ သင်း၊ အမျိုးသမီး အလှခတ်(အမျိုးသမီး သုံးဦးနှင့် ပံ့ပိုးကူညီသူအမျိုးသား သုံးဦး) ပြိုင်ပွဲတွင် ရှစ်သင်း စုစုပေါင်းအသင်း ၃၀ ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အမျိုးသားတံခွန်စိုက် အမှတ်ခတ် ၁၀ ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကြေးငွေကျပ် ၁၀ သိန်းနှင့် တတိယဆုကြေးငွေကျပ် ငါးသိန်း သတ်မှတ်ထားပြီး ကျန်ပြိုင်ပွဲ အမျိုးအစားများ၌ ပထမဆုကြေးငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကြေးငွေကျပ်ငါးသိန်း၊ တတိယဆုကြေး ငွေကျပ်သုံးသိန်းစီနှင့် ဆုတံဆိပ်များကို ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) ပုသိမ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်ကိုကိုအား ဒေါ်စမ်းယဉ်အေး (ဖိုက်ဝမ်းစက်သုံးဆီ)နှင့် ဒေါ်ဝါဝါနု (မဒန်ရှယ်လီမယ်)တို့ ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(၅၅၂)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

ရန်ကုန်　စက်တင်ဘာ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဝမ်းတွင်းမြို့တွင် ၄ ဒသမ ၃၂ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ညောင်လေးပင်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

စက်တင်ဘာ ၄ ရက် ညနေအထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စက်တင်ဘာလ ပထမ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၉၅ ဒီဂရီဖာရင်ဟိုက်		၂-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၃-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း		၃-၉-၂၀၁၀
မိုးရေချိန်	မရှိပါ	၃-၉-၂၀၁၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖွင့်လှစ်ပြသသည့် လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ တွင် သရဖီ Laminate Floor ကြမ်းခင်းများ အရောင်းပြခန်း ပြသထားစဉ်။ (သတင်းစဉ်)

People's Utility & Electronics Exhibition ပြပွဲတွင် သရဖီ Laminate Floor အရောင်းပြခန်း ပါဝင်ပြသလျက်ရှိ

ရန်ကုန်　စက်တင်ဘာ　၃

၂၀၁၀ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည့် People's Utility & Electronics Exhibition ၌ သရဖီ Laminate Floor ကြမ်းခင်းများ အရောင်းပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ သရဖီ Laminate Floor ပြခန်းတွင် ပြသထားသော ကြမ်းခင်းများမှာ ဂျာမန်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် Export Quality ကြမ်းခင်းများဖြစ်ခြင်း၊ ပြုပြင်ရလွယ်ကူပြီး အစားထိုးရလွယ်ကူခြင်း၊ သန့်ရှင်းရေး လုပ်ရလွယ်ကူခြင်း၊ အသံလုံခြင်း၊ နှစ်သက်ရာ ဒီဇိုင်းအား ရွေးချယ်နိုင်ခြင်း၊ UV ဒဏ်ခံနိုင်ခြင်း၊ Insects များ မခိုအောင်းနိုင်ခြင်း၊ ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည်အာမခံ ရရှိနိုင်ခြင်း စသည့် အချက်များကြောင့် ယခုနောက်ပိုင်းတွင် အဆိုပါ ကြမ်းခင်းများကို သုံးစွဲသူ ပိုမိုများပြားလာကြောင်း သိရှိရသည်။

AC 3 rating အစစ်အမှန်ဖြစ်သောကြောင့် tructural Warranty, No Wear- thru Warranty, No Staining Warranty စသည်အတွက် (၁၅)နှစ်အာမခံဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ Quality စစ်မှန်မှုနှင့် ဈေးနှုန်းမှန်ကန်မှု၊ စမ်းသပ်ပြသော ပစ္စည်းနှင့် ခင်းပေးသော ပစ္စည်း တူညီမှု ရှိခြင်းတို့အတွက် အထူးအာမခံကြောင်း၊ ဆက်သွယ်မှာယူလိုပါက အမှတ် (ခ) (၁၊ ၂၊ ၃) သစ္စာလမ်းမကြီး ကံဘဲ့ ရန်ကင်း ဖုန်း-၀၉-၅၁၁-၅၅၃၀နှင့် ၀၁-၇၃၀၅၄၄၉၈ တို့သို့ ဆက်သွယ်ပါက အိမ်အရောက်လာရောက်တိုင်းတာပြီး ကုန်ကျစရိတ်ကို အတိအကျ တွက်ပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

စဉ့်ကူးမြို့၌ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော်　စက်တင်ဘာ　၃

ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နှင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးများ ပြန့်ပွားစေရေးအတွက် ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီတွင် ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့် သဘာဝရေလျှံကွင်း ကျီးတပလင်ဝဲအင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်စောနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်သားများနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ငါးမြစ်ချင်း ငါးမှုန် ၅၅ သိန်း၊ ငါးမြစ်ချင်းငါးသန်သုံးသိန်းနှင့် ငါးခုံးမငါးသန်နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သိန်း ၆၀ ကို အင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခြင်ဆေးဖျန်း

ဇန်းမောက်မြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းထိုက်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စံကားဝါလမ်းထိပ် အုတ်ခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင်

ဒို့ချစ်ခင်

အစဉ်စိုက်ပျိုး

အလှတိုး

စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

မိုးကောင်း　စက်တင်ဘာ　၃

နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ပြီးစီးသည့် မိုးကောင်းမြို့နယ် မြတောင်ကျေးရွာအုပ်စု ကြယ်စင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မိုးညှင်းခရိုင်အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ဝင်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(၄၉၉)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၄-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော်(မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ စံတော်ချိန်+သတင်း
၈း၀၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ-၅) တေးပဒေသာ
၈း၄၀	ဘဝအသွင်ကဗျာ့အမြင် (တောင်ကျရေ) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း(၆)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်- ဒရယ်နှင့်သူ့မိတ်ဆွေများ)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (အမေ) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ချင်းဖြေသိမ့်တေးသံငြိမ့်(၆၅)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဒေါင်းရွှေလုပ်ငန်း)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ကျန်းမာရေး ရေကိုအလေးထားသောက်သုံးပေး) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet(25)
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် သံတောင်ကြီးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော်　စက်တင်ဘာ　၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်နေ စောဘိုတာစိန်သည် အဖော်နှစ်ဦးနှင့်အတူ ဩဂုတ် ၂၇ ရက်တွင် ၎င်းတို့ပိုင် ဖာလာခြံ၌ မျှစ်ချိုးစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ညာခြေဖနောင့် ကြေမွ၊ ဝဲဘက်လက်ခုံ စုတ်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် သံတောင်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပိဋကတ်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

မုံရွာ စက်တင်ဘာ ၃

မုံရွာခရိုင် မုံရွာမြို့နယ် မင်းရွာကျေးရွာ ဇေယျမင်္ဂလာ ပိဋကတ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက မင်းရွာကျေးရွာ အောင်ဇေယျကျောင်းတိုက်အတွင်းရှိ ဇေယျမင်္ဂလာ ပိဋကတ်စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းနှင့် စာကြည့်တိုက် အလှူရှင် ဦးချစ်ပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** (ခရိုင်ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မဦး၊ မြကြာငုံ၊ လမင်းမေတို့၏ ပန်းသုံးပွင့် ရသဝတ္ထုတို စုစည်းမှုစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၃

ပန်းသုံးပွင့်ရသ ဝတ္ထုတိုစုစည်းမှု စာအုပ်တွင် မဦး၊ မြကြာငုံနှင့် လမင်းမေတို့၏ ဝတ္ထုတိုများကို စုစည်းဖော်ပြထားသည်။ **(ယာပုံ)**

မဦး (ဒေါက်တာလွင်လွင်ဦးလှိုင်)၏ အနားပဲ့မှန်တစ်ချပ်၊ အရောင်ပျက် အနက်ပြပွဲ၊ ဈေးကောင်းပေးလျှော်ရောင်းရန်ရှိသည်၊ ကုန်းပိုးကြေး ကစားကြမယ်၊ ဟောဒီက . . . သကြ်န်ပန်း၊ မြေညီထပ်ရသ ဝတ္ထုတိုခြောက်ပုဒ်၊ မြကြာငုံ(ဒေါက်တာနီလာသိန်း)၏ ဘဝရေတိမ်၊ ငယ်ပေါင်းကြီးဖော်၊ ဆူးလှည်းဟုပင် ကမ္ဘည်းတင်စေ၊ မိုးပျံ့ပူဖောင်းလေး သမုဒယန္ဓောင်ဖွဲ့ဒိုင်ယာရီ ဝတ္ထုတိုငါးပုဒ်နှင့် လမင်းမေ (ဒေါက်တာခင်ဆွေဦး) ၏ ဝါညစ်ညစ်အုတ်နံရံများ၊ အပြောင်းအလဲများတတ်သူ၊ ရီဝေဝေ ယစ်မူးမူး၊ ပြင်ဦးလွင်သို့တမ်းချင်း၊ နံရံပေါ်က မျက်နှာမေ့ရောဂါဝတ္ထုတိုခြောက်ပုဒ် စုစုပေါင်း ဝတ္ထုတို ၁၇ ပုဒ်ကို

အတွေးသစ်၊ အမြင်သစ်တို့ဖြင့် ဖတ်ချင့်စဖွယ် စိတ်ကူးပုံဖော်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို မျိုးဆက်သစ်စာပေ ဖုန်း-၀၁-၂၄၅၁၇၄ မှ ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပရေးညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၃

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးစုပေါင်းရုံးဝင်း အင်းစိန်၌ ကျင်းပရာ အဖွဲ့နာယကများနှင့် အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)တို့က အသီးသီး အမှာစကားများ ပြောကြားကြပြီး ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပရေးကော်မတီအဖွဲ့ခေါင်းဆောင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ)က ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှစ၍ လစဉ်နောက်ဆုံးပတ်တနင်္ဂနွေနေ့တိုင်း ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းရုံးခန်းသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (၆၁)

အသင်းတိုက်ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၃

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက် ဆောက်လုပ်ရန်အတွက် ကျောက်စိမ်း(၁)လမ်း စော်ဘွားကြီးကုန်း ရန်ကုန်မြို့နေ ဦးညီတင်-ဒေါ်တင်တင်ဝင်း(နန်းထိုက်စံ ဘိလပ်မြေ၊ ချိန်းလိတ်၊ သံဆန်ခါ၊ သွပ်ဆူးကြိုးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောက်စိမ်း (၄)လမ်း စော်ဘွားကြီးကုန်း ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-ဒေါ်စမ်းယဉ် (ရွှေနန်းထိုက် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း) မိသားစုကလည်း ငွေကျပ်တစ်သိန်းလှူဒါန်းကြောင်း သိရသည်။ (ကြေးမုံ)

ဒေါ်ဦး ဘိုးဘွားရိပ်သာ ခြောက်နှစ်ပြည့် အခမ်းအနားကျင်းပ

ရေစကြို စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၏ ကျက်သရေဆောင် ဒေါ်ဦးဘိုးဘွားရိပ်သာ ခြောက်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်တွင် ဘိုးဘွားရိပ်သာ ဒေါ်ဦးခန်းမ၌ ကျင်းပရာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးကျော်လွင်ကလည်းကောင်း၊ နှစ်ချုပ်အစီရင်ခံစာကို ကော်မတီဝင် ဦးအေးငွေကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒေါ်ဦးဘိုးဘွားရိပ်သာ တည်ထောင်သူ ဦးအောင်သန်း၊ ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးနံ့သာတိုင်) မိသားစုက ငွေကျပ် ၂၅ သိန်းအပါအဝင် အလှူငွေကျပ် ၆၅ သိန်းကို အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ (၃၇၄)

ကော့ကရိတ်မြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်

ကော့ကရိတ် စက်တင်ဘာ ၃

ကော့ကရိတ်မြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာအခမ်းအနားသို့ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဝေသုံးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာညွှန့်ဝေက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မိခင်နို့တိုက်ကျွေးမှု စံပြဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။ အခမ်းအနားအပြီးတွင် ကလေးငယ်များအား တာဝန်ရှိသူများက ဗီတာမင်အေ တိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဆားများ ဝေငှခြင်း၊ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် အာဟာရအုပ်စုသုံးမျိုးကို ကြည့်ရှုလေ့လာခဲ့ကြသည်။ (ခရိုင်ပြန်/ဆက်)

ရေနေနို့တိုက်သတ္တဝါ ရေဝက် တွေ့ရှိအပ်နှံမှု ဂုဏ်ပြု

ပုသိမ် စက်တင်ဘာ ၃

ပုသိမ်မြို့ ရွှေသောင်ယံမြို့နယ် သဘော့ကန်ကျေးရွာအုပ်စု ဘင်္ဂလားပင်လယ်အော် ကမ်းစပ်တွင် ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီအချိန်တွင် ရေနေနို့တိုက်သတ္တဝါ ရေဝက်မျိုးစိတ် (Dugong) ကို ကမ်းခြေတွင် တွေ့ရှိ၍ ချောင်းသာရွာနေ ရေလုပ်သားဦးစိုးကြီး (ခ) ကုလားကြီးက ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသို့ အပ်နှံခဲ့သည်။ အဆိုပါ တွေ့ရှိသည့် ရေဝက်သည် အထီးဖြစ်ပြီး အလျား ခုနစ်ပေ တစ်လက်မ၊ လုံးပတ် ငါးပေ တစ်လက်မနှင့် အလေးချိန် ပိဿာ ၇၀ ရှိပြီး ကမ္ဘာတွင် မျိုးသုဉ်း ရှားပါးရေနေမျိုးစိတ်စာရင်းဝင်ဖြစ်ပြီး ပင်လယ်ပြင်တွင် ကျက်စားလေ့ရှိသော ရေဝက်ဖြစ်ကြောင်း သိရသည်။

ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြတ်သာထွန်းက ဦးစိုးကြီးအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ချီးမြှင့်ကြောင်းသိရသည်။ **(အောက်ပုံ)** (ခရိုင်ငါးလုပ်ငန်း)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိတော်မူခြင်း(အပိုင်း-၁)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၃၅)**
၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -နတ်ပျိုးသည့်ပန်း (ဟိန်းဝေယံ၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]**
၁း၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၆)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၅)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူ့ရှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၃)**
၂၄။ လင်းရောင်စဉ်အတွက်ပုံရိပ်များ (အပိုင်း-၂၄)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

Career Opportunity
(For Local Service Only)

We are one of the leading Marketing & Distribution companies of pharmaceutical products and are looking for highly motivated, dynamic and result oriented individuals for the following positions.

1) Executive Secretary (3)post
- Graduate
- Under 40 years old.
- Must have at least 3 years experience in related field.
- Fluent in written and spoken english.
- Must be computer literate & able to use email & internet.
- Must have good communication skills & must possess honest, hard working characteristics.

Interested applicants are requested to mail Curriculum Vitae(CV),two(2) passport size pictures and photocopies of the Graduation Certificate, National Registration card, Labour Registration card,Police Clearance, Household Census Lists to AA Medical Products Ltd. No.408/410,Mahabandoola Street,4th Floor, Kyauktada Township, Yangon. within 7 days from this advertisement.

"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

စံပြမိခင်ရွေးချယ်ပွဲ ပျဉ်းမနားမြို့နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော်ခရိုင် ကျန်းမာရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် စံပြမိခင်ရွေးချယ်ပွဲကို ဩဂုတ် ၂၈ ရက်က ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးအသင်းသားဖွားခန်းမ၌ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အသက်နှစ်နှစ်အောက် ကလေးမိခင် ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရသူများကို ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်ရွှေ၊ ခရိုင်ကြီးကြပ်ရေး အတွင်းရေးမှူး ဒေါ်သန်းသန်းနွယ်နှင့် မြို့နယ်အသင်းဥက္ကဋ္ဌများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

ပရိတ်တော်များ

MAS ဦးသုရိန်
LCCI Level I, II
MYOB Level II, III
Enroll Now

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ အမှတ်(၃၆/ဘီ) ဗဟိုလမ်း သုခလမ်းသွယ် အောင်ချမ်းသာရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဆရာမကြီး ဒေါ်ခင်လှလှ (တက္ကသိုလ်များအင်္ဂလိပ်စာ) မိသားစုက အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂) ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြစဉ်။ (ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ငူ စက်တင်ဘာ ၃

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျင်းပရာ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်အောင်ကအဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ပဲခူးတိုင်းဒေသကြီး မထသဥက္ကဋ္ဌ ဦးစစ်နိုင်၊ တောင်ငူခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအုန်းမောင်၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်မောင်မောင်တာ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် **(အောက်ပုံ)**၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်အေးနှင့် အကြီးတန်းစာရေး ဦးစောမင်းဆွေတို့က ဟောပြောပို့ချကြပြီး ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (၁၂၉)

သစ်တောသစ်ပင် ဒို့ချစ်ခင်

ဥတုရာသီ တောကိုမှီ၏

ရွှေဥရာစုသစ် မိန်းရွှေရတနာဆိုင် ၏
မိုးရာသီ အထူးလျှော့ ရတနာအစီအစဉ်

ဒေါ်မြမြဝင်းနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်-၁၄၊ အရှေ့ကုန်းလမ်း၊မြေ/မြောက်ရပ်ကွက်နေ ဒေါ်တင်တင်အေး[၁၂/ ဥကမ(နိုင်)၀၈၂၅၅၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန်အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊လှိုင်မြို့နယ်(၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊ အမှတ်(၃၄)မြေညီထပ်ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြဝင်း[၁၂/လမန(နိုင်)၀၃၃၅၇၉]သည် ကျွန်ုပ်၏မိတ်ဆွေအား ၂၂-၃-၂၀၁၀ ရက်တွင် အပြီးအပိုင်ရောင်းချခဲ့သည်ကိုဒေါ်မြမြဝင်းသိရှိပြီးဖြစ်ပေသည်။ယခုအခါ ဒေါ်မြမြဝင်းသည် ကျွန်ုပ်၏မိတ်ဆွေပိုင်ပြီးဖြစ်သော အခန်းအားအခြားတစ်ဦးအား ထပ်မံရောင်းချထားကြောင်းစုံစမ်းသိရှိရပါသည်။ သို့ဖြစ်၍ ၉-၉-၂၀၁၀ ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံလာရောက်ညှိနှိုင်းရန် ဒေါ်မြမြဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးသက်	**ဒေါ်ခက်ခက်ဦး**
LL.B,D.B.L,D.M.L	**LL.B,LL.M**
Dip in Global English	**အထက်တန်းရှေ့နေ(စဉ်-၂၈၉၂၀)**
အထက်တန်းရှေ့နေ(စဉ်-၃၃၂၆၃)	

အမှတ်(၁၃၁)ဗဟိုလမ်း၊ လင်း/တောင်ရပ်ကွက်၊စမ်းချောင်းမြို့နယ်၊
(စမ်းချောင်းမြို့နယ်တရားရုံးအနီး)

အောင်သပြေ

ARCHER CASUAL WEAR PRODUCT
လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀ တွင် ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၃

ARCHER CASUAL WEAR PRODUCT (ချည်သားရှပ်အင်္ကျီမျိုးစုံလုပ်ငန်း) သည် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသော လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ တွင် ပါဝင်ပြသသည်။**(ယာပုံ)**

ARCHER CASUAL WEAR PRODUCT (ချည်သားရှပ်အင်္ကျီမျိုးစုံလုပ်ငန်း)သည် ARCHER အမှတ်တံဆိပ် အမျိုးသား၊ အမျိုးသမီးဝတ် ရှပ်အင်္ကျီ အရောင်အသွေးမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ကို တန်ဖိုးချိုသာစွာဖြင့် ပြပွဲကာလအတွင်း အထူးလျှော့ဈေးအပြင် လက်ဆောင် ပစ္စည်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ကြောင်း၊ ၎င်းပြင် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီလုပ်ငန်းနှင့် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကိုလည်း ဆောင်ရွက်ပေးနေကြောင်း၊ ချည်သား ပိတ်စမျိုးစုံကို ထိုင်းနိုင်ငံမှ တင်သွင်းကာ အင်္ကျီအထည်မျိုးစုံ ချုပ်လုပ်ဖြန့်ချိနေပြီး ပြပွဲကာလအတွင်း လာရောက်လေ့လာ ဝယ်ယူသူများအား အထူးလက်ဆောင် ပစ္စည်းများပေးရန် စီစဉ်ထားကြောင်း၊ ARCHER အမှတ်တံဆိပ် အင်္ကျီမျိုးစုံကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာအနီး နှင်းဆီလမ်း တိုက်(၄) အခန်း(၃)ဖုန်း-၇၃၀၃၉၆၁၇ နှင့် ၇၃၀၅၈၉၆၃ တွင် အရောင်းပြခန်းဖွင့်လှစ်ကာ ဖြန့်ချိရောင်းချနေကြောင်းနှင့် ရုံးချုပ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ်(၁၈၅) (မြေညီထပ်) ဖုန်း-၃၉၈၇၆၆ နှင့် ၂၉၉၉၄၆ နှင့် အထက်မြန်မာနိုင်ငံ ကိုယ်စားလှယ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၈၁-၂၂) လမ်းထောင့် ဖုန်း-၀၉-၅၁၇၅၈၂၂ နှင့် ၀၉-၅၁၅၃၄၈၈၊ (စာတိုက်ကြီးအနီး) Gentleman Fashion World တို့မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာဝါဆိုခြင်းပွဲတော် ပုသိမ်မြို့၌ ကျင်းပ

ပြည်တွင်းသတင်းအက်ဆေး - ပုသိမ်လှကြည် ❖ အဆင်အပြင် - ခိုင်သန္တာရွှေ

ရိုးရာခြင်းလုံးပညာကို ချစ်ခင်မြတ်နိုးကြသော ခြင်းပညာရှင်များ ဝါဆိုခြင်းပွဲတော်ကို ကိုယ့်ရပ်ကိုယ့်ဒေသအလိုက် ဝါဆိုကာလအတွင်း ကျင်းပကြသည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု တစ်ခုစီရှိကြသည်။ ရိုးရာယဉ်ကျေးမှုပျောက်ကွယ်က နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်တတ်သည်။ ထို့ကြောင့် နိုင်ငံခေါင်းဆောင်များနှင့် မျိုးချစ်စိတ်ရှိကြသူများက ရိုးရာယဉ်ကျေးမှုကို အခြေခံထား၍ မိမိနိုင်ငံကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြသည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများက ဂုဏ်ယူလေးစား တန်ဖိုးထားကြသော မြန်မာ့ရိုးရာယဉ်ကျေးမှုများအနက် ရိုးရာခြင်းလုံးခတ်ပညာကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်မှအစပြု၍ မျိုးချစ်မြန်မာကြီးများက အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ရိုးရာယဉ်ကျေးမှု အားကစားတစ်မျိုးဖြစ်သည်။

ခြင်းခတ်အတတ်ပညာသည် ရိုးရာယဉ်ကျေးမှုနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းလိုက် ကြံ့ခိုင်မှု၊ သန်မြန်ဖျတ်လတ်မှုရှိသည့် ကျန်းမာရေးပြည့်စုံသော အားကစားဟုလည်း ဆိုရပေမည်။ ခြင်းခတ်ကစားခြင်းသည် အပေးအယူ. . . ချစ်ကြည်ဖြူ. . . ခြင်းမူစာဂ. . . မျှစိတ္တ ဟူသကဲ့သို့ တစ်ဦးကောင်းကစား၍မရ၊ အသင်းအဖွဲ့လိုက် စည်းလုံးညီညွတ်မှုရှိရသည်။ တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်းဖေးမကစားရသည်။ ထို့ကြောင့် ကစားဖော်အချင်းချင်း ချစ်ခင်ရင်းနှီး ကျွမ်းဝင်မှုရှိကြသည်။

ယနေ့မြန်မာနိုင်ငံတစ်ခွင် ရိုးရာခြင်းလုံးပညာကို ချစ်ခင်မြတ်နိုးကြသော ခြင်းပညာရှင်တို့ကလည်း ဝါဆိုခြင်းပွဲတော်ကို ကိုယ့်ရပ်ကိုယ့်ဒေသအလိုက် ဝါဆိုကာလအတွင်း ကျင်းပကြသည်။

ဧရာဝတီတိုင်းဒေသကြီး အား/ကာမှ ကြီးမှူး၍ မြို့မခြင်းအဖွဲ့ကလည်း ဩဂုတ် ၈ ရက်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမအနီး ဦးကျိုးဝါးခြင်းလုံးအားကစားရုံ၌ ပြိုင်ပွဲကျင်းပသည်။ ဧရာဝတီတိုင်းဒေသကြီး ခြင်းလုံးအားကစားအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကျင်ထွေး၊ မြို့မခြင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဩ၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့်အဖွဲ့ဝင်များက ဝါဆိုခြင်းပွဲတော် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ပုသိမ်မြို့နယ်အတွင်းမှ ခြင်းပညာရှင်အဖွဲ့ပေါင်း ၂၀ ယှဉ်ပြိုင်ကစားကြသည်။ ရိုးရာခြင်းဝါသနာရှင်များ အံ့မခန်း စည်ကားလှသည်။

မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့ချုပ်မှ လက်ရွေးစင်ခြင်းပညာရှင် ခေတ္တရာအောင်အောင်၊ ဟသ်ာတအောင်အောင်၊ ခေတ္တရာအောင်စိုးမိုး၊ ဟာသသရုပ်ဆောင်မေတ္တာတို့ ပါဝင်အားပေး တက်ရောက်ကြပြီး လက်ရွေးစင် ခြင်းကြီးခတ်နည်းပညာစုံ သရုပ်ပြကစားသွားကြသည်မှာ အံ့ဩမခန်း ဖြစ်ရသည်။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၉-၂၀၁၀)

ဝမ်းတွင်း
၄ ဒသမ ၃၂ လက်မ

ဘားအံ
၃ ဒသမ ၂၇ လက်မ

ကော့ကရိတ်
၂ ဒသမ ၄၈ လက်မ

ညောင်လေးပင်
၁ ဒသမ ၉၇ လက်မ

ယနေ့ ဆောင်းပါး အညွှန်း

မျက်စိရောဂါဖြစ်ဖြစ်၊ ဘာရောဂါဖြစ်ဖြစ် တစ်ခုခုသံသယ ဖြစ်လာရင် စမ်းတဝါးဝါးဖြစ်ကာ ဘေးပြောတဲ့စကားတွေ နားထောင်ပြီး လုပ်ကြည့်နေမယ့်အစား တတ်ကျွမ်းနားလည်သူတွေရဲ့ လမ်းညွှန်မှုအတိုင်းသာလိုက်နာ။

ဒေါက်တာကံညွန့် ၏ 'မျက်စိမှုန်လာပြီဆိုရင်' (ဆောင်းပါး) စာမျက်နှာ - ၆